မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဇွန် ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၄၁)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများ ကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများ အဆင့်မြှင့်တင် ခင်းကျင်းခြင်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများ အဆင့်မြှင့်တင်ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် သီရိမင်္ဂလာ အိမ်ရာရှေ့သို့ရောက်ရှိကြပြီး ကမ်းနားလမ်းတစ်လျှောက် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းအိမ်ရာ အနီး၌ ကမ်းနားလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊

စာမျက်နှာ ၈ ကော်လံ ၁ ❒

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

❒ တပ်မတော်အစိုးရဘက်မှ စေ့စပ်ရေးကမ်းလှမ်းချက်တွေအပေါ် NLD ပါတီဘက်မှ တုံ့ပြန်စေ့စပ် အပေးအယူလုပ်မှု တစ်စုံတစ်ရာ မရှိခဲ့လေတော့ ၁၉၉၃ခုနှစ်က စတင်ခဲ့တဲ့ အမျိုးသားညီလာခံဟာ ၁၉၉၆မှာ ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရပြီး ၂၀၀၃ ခုနှစ်မှာ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တပ်မတော်အစိုးရဘက်မှ ကြေညာလာခဲ့ပြန်ပါတယ်။ အမျိုးသားညီလာခံ ပြန်လည်ကျင်းပရာမှာ တက်ရောက်ဖို့ NLD သို့ ဖိတ်ကြားရာမှာညီလာခံ ကိုယ်စားလှယ် လွတ်လပ်စွာ ရွေးချယ်ခွင့်နှင့် ဆွေးနွေးပြီး အခြေခံမူများ ပြန်လည်ဆွေးနွေးခွင့်တွေမှာ သဘောတူညီမှုရပေမယ့် ဒေါ်စုကြည်နှင့် ဦးတင်ဦး လွှတ်ပေးရေး၊ ပါတီရုံးတွေ ဖွင့်ပေးရေး (၂)ချက်ကို ခေတ္တဆိုင်းငံ့ဖို့ ပြောတာကို လက်မခံဘဲ NLD ပါတီဟာ ညီလာခံကို တက်ရောက်မှု မပြုခဲ့ကြတော့ပါ။

မျိုးမြတ်၏ "ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် (၁၅)နှစ်မြောက် နှစ်ပတ်လည် သုံးသပ်တင်ပြချက်"

ဆောင်းပါး(စာ-၁၀)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအနီးရှိ နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနတွင် ဆီအုန်းစပ်မျိုး မျိုးစေ့ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆီသီးခိုင် စဉ်ဆက်မပြတ်ရရှိရေး ပင်ပျိုအစားထိုးစိုက်ပျိုး ပြည်တွင်းစားသုံးဆီဖူလုံရန် မျိုးသန့်များ ပွားများထုတ်လုပ် စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရန် ကြိုးပမ်းစွမ်းဆောင်

ရန်ကုန် မေ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၈ရက် ညနေပိုင်းတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ အင်ဘိုဆီအုန်းသုတေသနနှင့် မျိုးပွားခြံသို့ ရောက်ရှိရာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ခြံမန်နေဂျာက နှစ်အလိုက် ဆီအုန်းပင် စိုက်ပျိုးမှု၊ အသီးထွက်ရှိမှု၊ ပင်ပျိုအစားထိုးပြန်လည်စိုက်ပျိုးမှုတို့ကိုလည်းကောင်း၊ ဆီကြမ်းဆီကြိတ်စက်ရုံတာဝန်ခံက ဆီအုန်း ဆီကြမ်းထုတ်လုပ်မှုနှင့် အစေ့ဆန်မှ အဆန်ဆီကြိတ်မှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဇွန်လ ၁ ရက်)

အမျိုးသားရေးအင်အားစုအဖြစ် ခိုင်ခိုင်မာမာရပ်တည် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွား ပိုမိုသယ်ပိုးထမ်းဆောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ပုံဖော်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်ခိုင်မာမာ ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

ယခုအခါ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမအဆင့်လည်းဖြစ်၍ အရေးအကြီးဆုံးနှင့် အဓိကအကျဆုံးလည်းဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပဆောင်ရွက်လျက် ရှိသည်။

ယင်းသို့ ဆောင်ရွက်လျက်ရှိရာတွင် ဦးတည်ချက်၊ ရည်မှန်းချက်တူ အဖွဲ့အစည်းများဖြစ်သည့် စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်၊ တိုင်းရင်းသားပြည်သူများနှင့်အတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်ထောင်စု စိတ်ဓာတ်အပြည့်အဝဖြင့် ကျရာကဏ္ဍက တက်တက်ကြွကြွ အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်း အမှတ်စဉ်(၇)သင်တန်းဆင်းပွဲ အခမ်းအနားကို မေလ၃၀ရက်နေ့က ရန်ကုန်တိုင်း မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင်–

“ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး၊ နိုင်ငံတော်ကို အဖျက်အမှောင့်လုပ်ရပ်များမှ ကင်းဝေးအောင် ကာကွယ်ရေး၊ တစ်ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေးအတွက် အသင်းဝင်လူငယ်များ၏ ခေါင်းဆောင်မှုအရည်အသွေး ထက်မြက်နေရန် လိုအပ်ကြောင်း၊ အသင်းဝင်များသည် ယနေ့တာဝန်ယူနေရသည့် လက်ငင်းတာဝန်ထက် တစ်ဆင့်မြင့်သော တာဝန်၌ ထမ်းဆောင်နိုင်သော ခေါင်းဆောင်မှုအရည်အသွေးရှိနေအောင် အမြဲတမ်းအားထုတ် လေ့လာနေကြရမည် ဖြစ်ကြောင်း”

ပြောကြားသွားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးသည် နိုင်ငံတော်နှင့် အသင်းကြီးအတွက် ကိုယ်ကျိုးစွန့်လွှတ် စွန့်စားသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာရေးအတွက် အသင်းဝင်များအား လေ့ကျင့်ပျိုးထောင်ပေးကာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ကာကွယ်ရေးနှင့် အနာဂတ် နိုင်ငံတော်ကြီးအတွက် ပုံဖော်ဆောင်ရွက်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မျက်မှောက်ကာလတွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၊ အဆိုးမြင်ဝါဒီများနှင့် မီဒီယာအချို့က မဟုတ်မမှန်လုပ်ကြံ၀ေဖန် ရေးသားပြောဆို ထိုးနှက်နေခြင်းများ ရှိနေပေသည်။ ၎င်းတို့သည် ပြည်သူတို့၏ လုံခြုံမှုကို ထိပါးနှောင့်ယှက်သည်အထိ အတင့်ရဲလာသည်ကို တွေ့ရှိရသည်။

အသင်းဝင်များသည် တိုင်းရင်းသားပြည်သူများနှင့်အတူ ပြည်သူ့သဘောထားနှင့် ဆန့်ကျင်သော အဖျက်အမှောင့် လုပ်ရပ်မှန်သမျှ၊ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ် လုပ်ဆောင်ခြင်းမှန်သမျှ၊ ဒို့တာဝန်အရေးသုံးပါးကို ထိပါးမှုမှန်သမျှ ပြတ်ပြတ်သားသား တွန်းလှန်ဖယ်ရှား တိုက်ဖျက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ပြည်သူ့ကိုယ်စားပြုသည့် အမျိုးသားရေး အင်အားစုကြီးဖြစ်သည်နှင့်အညီ ပြည်သူတို့ဘက်မှ ခိုင်ခိုင်မာမာရပ်တည်ကာ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဆက်လက်သယ်ပိုး ထမ်းဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်အား တရုတ်ဗုဒ္ဓဘာသာအသင်း ဆရာတော်နှင့် အဖွဲ့ လာရောက် တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မေ ၃၁

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်အား ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓဘာသာအသင်း၏ Vice President in Executive ဆရာတော် The Most Venerable Master Shen Hui ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ယင်းသို့ လာရောက်တွေ့ဆုံနှုတ်ဆက်ရာတွင် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မေ ၂၉ရက်က တောင်ဥက္ကလာပမြို့နယ် ဥက္ကလာပ စေတီတော်ကြီး ရွှေသင်္ကန်းတော် ကပ်လှူ ပူဇော်နိုင်ရန် တောင်ဥက္ကလာပမြို့နယ်ဟောမဝန်ဈေးဥက္ကဋ္ဌ ဦးဘလေး၊ အတွင်းရေးမှူး ဦးဝင်းကြည်တို့ဦးဆောင်သော ဈေးသူဈေးသားများ လှူဒါန်းသော ငွေကျပ် ၁၄၁၁၀ကို ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင်ထံပေးအပ်စဉ်။ (၂၀၀)

မြန်မာကိုယ်စားလှယ်အဖွဲ့ အစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

ရန်ကုန် မေ ၃၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ UNESCAPတွင် မေ၃၀ရက်မှ ဇွန် ၃ရက်အထိ ကျင်းပသည့် Sub-regional Meeting on Sustainable Capacity Building and Training of Trainers in Freight Forwarding, Multimodal Transport and Logisticsအစည်းအဝေးသို့ ပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးဝင်းမြင့် ဦးဆောင်၍ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ ဦးမြင့်ဝေ၊ ဒုတိယအထွေထွေမန်နေဂျာ ဦးထွန်းအောင်သင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်ထောက်အထွေထွေမန်နေဂျာ ဦးသိန်းဦး၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန မန်နေဂျာ ဦးဝင်းကို၊ ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးဦးထွန်းရီတို့နှင့်အတူ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးအောင်ကျော်မင်း၊ လုပ်ငန်းခွင်လေ့ကျင့်ရေးမှူး ဦးအောင်ခင်မြင့်တို့သည် မေ၂၉ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(ဝဲပုံ)**

(ပို့ဆောင်ရေး)

မရမ်းကုန်းမြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၅–၂၀၀၆ခုနှစ် ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေနှင့်ကျောင်းသုံး ဗလာစာအုပ်များပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၂၉ရက်က မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုးက တာဝန်ခံအရာရှိအား ကျောင်းသူကျောင်းသား ၁၂၀ အတွက် ထောက်ပံ့ကြေးငွေနှင့် ပစ္စည်းများ ပေးအပ်စဉ်။

(မြို့နယ်ရဲတပ်ဖွဲ့)

ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းအောင်မြင် ၂၀၀၄ခုနှစ် ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့ဆု မြန်မာနိုင်ငံအားချီးမြှင့်ခဲ့ ကျန်းမာရေးပညာပေးလုပ်ငန်းများ ပြည်သူအတွင်း ကျယ်ပြန့်စွာသိရှိရေး အားလုံးပါဝင်

ရန်ကုန် မေ ၃၁

၂၀၀၅ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေး လုပ်ငန်းဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်း ရေးမှူးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဌာနေကိုယ်စားလှယ် Dr. Agostino Borra၊ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေ ကိုယ်စားလှယ် Ms. Carroll C. Long၊ အမျိုးသား ဆေးလိပ်သောက်သုံးမှု ထိန်းချုပ်ရေးကော်မတီဝင်များ၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးစသည့် အသင်းအဖွဲ့များမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ၁၉၈၉ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလာခဲ့ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ်၊ ဆေးပြင်းလိပ်၊ ဆေးတံ၊ ပြောင်းဖူးဖက်လိပ်၊ ကွမ်းဖက်လိပ် စသည်တို့နှင့် ဆေးပါသော ကွမ်းစားခြင်း၊ ဆေးရွက်ကြီး ငုံခြင်းအစရှိသော ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုး သောက်သုံးခြင်းသည် လူငယ်လူရွယ်များနှင့် ပြည်သူတစ်ရပ်လုံးကို ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အန္တရာယ်အမျိုးမျိုး ကျရောက်စေနိုင်ကြောင်း အများပြည်သူများ သိမြင်သဘောပေါက်ရှောင်ကြဉ်နိုင်စေရန်အတွက် ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ကြောင်း။

၂၀၀၀ပြည့်နှစ်မှစ၍ ဆေးလိပ်ကင်းဝေးရေးစီမံချက်အနေဖြင့် အမျိုးသားကျန်းမာရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်ခဲ့ကြောင်း။

တညီတညွတ်တည်းအတည်ပြု

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းတစ်ရပ်ကို အဖွဲ့ဝင်နိုင်ငံများက လေးနှစ်ကြာ ညှိနှိုင်းရေးဆွဲခဲ့ပြီး ၂၀၀၃ခုနှစ် မေလတွင် ကျင်းပခဲ့သော (၅၆)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံတွင် အဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်း အတည်ပြုခဲ့ကြကြောင်း။

အဆိုပါကွန်ဗင်းရှင်း ရေးဆွဲရေးအဆင့်များတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်များ အစဉ်တစိုက် တက်ရောက် ဆွေးနွေးခဲ့ကြသည့်အပြင် စတုတ္ထအကြိမ်မြောက် အရှေ့တောင်အာရှဒေသအတွင်း ညှိနှိုင်းအစည်းအဝေးကိုလည်း မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပကြောင်း၊ ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၂၃ရက်နေ့တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ ခုနှစ် ဧပြီလ ၂၀ရက်နေ့တွင် အတည်ပြုခဲ့ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းကို အတည်ပြုသည့် ၁၁ နိုင်ငံမြောက်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ် ဖြစ်ခဲ့ကြောင်း။

မှတ်တိုင်တည်ရှိခဲ့

မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများ၏ တိုးတက်အောင်မြင်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စောင့်ကြပ်ကြည့်ရှု သတိပြုမိသည်နှင့်အညီ ၂၀၀၄ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်သုံးရေးနေ့ဆုကို မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးအား ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံ ကျန်းမာရေးသမိုင်းတွင် မှတ်တိုင်တစ်ရပ်အဖြစ် တည်ရှိခဲ့ကြောင်း။

ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်ကို ပိုမိုသိရှိနားလည်လာကြသည့်အလျောက် မြန်မာနိုင်ငံ၌ ဆေးလိပ်သောက်သုံးမှု နှုန်းထားများ လျော့နည်း ကျဆင်းလျက်ရှိသည်ကို တွေ့ရကြောင်း။

အထူးလိုအပ်

၂၀၀၅ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ဆောင်ပုဒ်မှာ Health Professionals against Tobacco **'ဆေးလိပ်ဆေးရွက်ကြီး ဆန့်ကျင်ရေး၊ ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး'** ဟူ၍ဖြစ်ကြောင်း၊ ကျန်းမာရေး ပညာရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင် စံပြနမူနာအဖြစ် ဆေးလိပ်ဆေးရွက်ကြီး ရှောင်ကြဉ်ကြရန်အထူးလိုအပ်ကြောင်း။

ဦးဆောင်လှုပ်ရှား

ယခုနှစ် ဆောင်ပုဒ်အနေဖြင့် ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေး လုပ်ငန်းများတွင် ကျန်းမာရေးပညာရှင်များ၏ အရေးကြီးသည့် အခန်းကဏ္ဍကို မီးမောင်းထိုးပြလိုက်ခြင်းဖြစ်သည့်အတွက် ကျန်းမာရေး ပညာရှင်များနှင့် ကျန်းမာရေးအသိရှိသူအားလုံးကို ဆေးလိပ်ဆေးရွက်ကြီး တိုက်ဖျက်ရေး လုပ်ငန်းများ၌ ရှေ့တန်းကနေ ဦးဆောင်လှုပ်ရှားပေးကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ ဌာနေ ကိုယ်စားလှယ် Dr. Agostino Borra က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတ အစည်းအရုံးမှ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ပညာပေးတေးသီချင်းကို လည်းကောင်း၊ ၂၀၀၅ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ ပညာပေးနှိုးဆော်ချက်ကိုလည်းကောင်း တင်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကျန်းမာရေးပညာပေး ပြခန်းငယ်ကို လှည့်လည် ကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် Symposium on Tobacco and Health Professionals ကို ဆက်လက် ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့် (ပြည်သူ့ကျန်းမာ/ရောဂါနှိမ်နင်းရေး) က ဆောင်ရွက်ပြီး 'မြန်မာနိုင်ငံ ဆရာဝန်များ အတွင်း ဆေးလိပ်သောက်သုံးမှုအခြေအနေ' စာတမ်းကို ကျန်းမာရေး ဦးစီးဌာန ဆေးလိပ်ကင်းဝေးရေး စီမံချက် မန်နေဂျာ ဒေါက်တာဒေါ်ညိုညိုကြိုင်က လည်းကောင်း၊ 'ဆေးလိပ် ဆေးရွက်ကြီး သုံးစွဲမှုကြောင့် ဖြစ်ပွားသော နှလုံးသွေးကြောရောဂါများ' စာတမ်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးရောဂါကုဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်မေစန်းက လည်းကောင်း၊ 'ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားသော ကင်ဆာရောဂါများ' စာတမ်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခွဲစိတ်ရောင်ခြည်ဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်သီတာစန်းက လည်းကောင်း၊ 'ဆေးလိပ်ဆေးရွက်ကြီး သုံးစွဲမှုနှင့် သွားခံတွင်း ကျန်းမာရေး' စာတမ်းကို ကျန်းမာရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနမှ သွားဘက်ဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာ ဦးကိုကိုမော်ကလည်းကောင်း၊ 'ဆေးလိပ် ဆေးရွက်ကြီး ဆန့်ကျင်ရေး၊ ကျန်းမာရေးပညာရှင်များ ဦးဆောင်ပေး'စာတမ်းကို ကျန်းမာရေးစီမံကိန်း ဦးစီးဌာန ညွှန်ကြားရေးမှူး (ကျန်းမာရေးပညာ) ဒေါက်တာဒေါ်ခင်သန်းဦးက လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြခန်းများကြည့်ရှု

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဧည့်သည်တော်များ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အခမ်းအနားတွင် ပြသထားသော ပြခန်းများကို ကြည့်ရှုကြစဉ်။ (ကျန်းမာရေး)

ပန်းတောင်းမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မေ ၃၁

ပန်းတောင်းမြို့နယ် အသင်း (ရန်ကုန်)၏ သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇွန် ၁၂ရက် (တနင်္ဂနွေနေ့) တွင် ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်လမ်းရှိ အမ္ဗာရာမကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အသက် (၈၀)နှင့် အထက် ကန်တော့ခံ အသင်းဝင်များနှင့် ၂၀၀၃-၂၀၀၄ ပညာသင်နှစ်အတွင်း တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်မိဘများ၏ သားသမီးများ စာရင်းကို ဦးသောင်းဆွေ ဖုန်း-၅၅၆၄၆၁၊ ဒေါ်ခင်မာဆွေ ဖုန်း-၅၁၄၇၃၇ တို့ထံ ဆက်သွယ်စာရင်း ပေးပို့နိုင်ကြောင်းနှင့် အသင်းသူ အသင်းသားများ အားလုံးနှင့် အသင်းမဝင်ရသေးသော မြို့နယ်သူ မြို့နယ်သား အားလုံး တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ကျို့ပင်ကောက်မြို့ မိုးရေချိန်စံချိန်သစ်တင်

ရန်ကုန် မေ ၃၁

၂၀၀၅ ခုနှစ် မေ ၃၁ရက် နံနက် မြန်မာစံတော်ချိန် ၉နာရီခွဲတွင် ကျို့ပင်ကောက်မြို့၌ တိုင်းထွာရရှိခဲ့သော မိုးရေချိန် ၁၂၃မီလီမီတာ ၄ဒသမ ၈၄လက်မသည် ယင်းမြို့၏ လွန်ခဲ့သောနှစ်ပေါင်း ၂၀အတွင်း မေလအတွက် အများဆုံးတိုင်းထွာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၉၅မီလီမီတာ ၃ဒသမ ၇၄လက်မဖြစ်ပြီး ၂၀၀၂ခုနှစ် မေ ၁၉ရက်တွင် ရှာသွန်းခဲ့ခြင်းဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ထားသည်။

မေ ၃၁ရက်က လှိုင်မြို့နယ် ထွေ/အုပ် ဝန်ထမ်းများနှင့် ဝန်ထမ်း သားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေစန်းက ငွေကျပ် ၈၃၀၀၀ ကို မြို့နယ် ဒုတိယ ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် ဦးကျော်သူရတို့ထံ ပေးအပ်စဉ်။(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၅	၅။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀	၆။	အရေးပြိုင်ပွဲ
၈:၂၀	၇။	ကံတင်ဘီးလင်းရေလှောင်တမံ
၈:၃၀	၈။	International News
၈:၄၅	၉။	Let's Go

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၃၀	၇။	လက်ဆင့်ကမ်းပေး ဂီတတေး
၁၇:၄၀	၈။	သီချင်းကြီးပဒေသာ
၁၇:၅၀	၉။	**"စက်မှုတပ်ဆင်လုပ်ငန်းတွင်"** အကယ်ဒမီဇင်ဝိုင်း၊ အကယ်ဒမီမင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၈:၀၀	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၁၀	၁၁။	Discovery
၁၈:၁၅	၁၂။	မှုဟန်သွယ်သွယ် ဆိုကြမယ်
၁၈:၃၀	၁၃။	ညနေခင်းသတင်း
၁၉:၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၅။	တေးဂီတအစီအစဉ်
၁၉:၂၀	၁၆။	ကြံ့ခိုင်ကျန်းမာ ပြည်မြန်မာ
၁၉:၃၅	၁၇။	တေးဂီတအစီအစဉ်
၁၉:၄၅	၁၈။	အာရှ-ဥရောပ လူငယ် အားကစားပြိုင်ပွဲတွင် ခြင်းလုံးခတ်ပြသပါဝင်
၂၀:၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ **"ရာမာယဏ ဇာတ်တော်ကြီး ပြိုင်ပွဲ"** (ပထမဆု) (ရန်ကုန်တိုင်း) [ပထမပိုင်း]

တရုတ်အထည်အလိပ်တင်သွင်းမှုအပေါ် အီးယူ၏ဆုံးဖြတ်ချက်

တရုတ်အစိုးရက ပြင်းပြင်းထန်ထန် ကန့်ကွက်

ပေကျင်း မေ ၃၀

တရုတ်အထည်အလိပ် အမျိုးအစားနှစ်ခုတင်သွင်းမှုအပေါ် ခွဲတမ်း သတ်မှတ်ရန် ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို တရုတ်အစိုးရက အပြင်းအထန်ကန့်ကွက်လိုက်ကြောင်း ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောခွင့်ရှိသူက ပေကျင်း၌ မေ ၂၉ရက် တနင်္ဂနွေနေ့က ပြောကြားလိုက်သည်။

သုံးလအချက်အလက် ကောက်ယူစုဆောင်းမှုအပေါ်၌သာ အခြေခံထားသော အီးယူဆောင်ရွက်ချက်သည် တိကျမှန်ကန်သော ဆုံးဖြတ်ချက် မဖြစ်နိုင်ကြောင်း ၎င်းကပြောကြားသည်။

ယင်းဆုံးဖြတ်ချက်သည် ဥရောပ အထည်အလိပ်ကုမ္ပဏီများကို အကာအကွယ်ပေးသည့် မှားယွင်းသော ခြေရာကောက်မှုမျှသာ ဖြစ်ရုံမက တရုတ်အထည်အလိပ် ထုတ်လုပ်သူများ၏ အကျိုးစီးပွားကိုလည်း ထိခိုက်နစ်နာစေကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖြစ်စေသင့်ကြောင်း ၎င်းကပြောကြားသည်။

အီးယူနှင့် တရုတ်နိုင်ငံတို့၏ လောလောဆယ်ဖြစ်ပွားနေသော ကုန်သွယ်ရေးအငြင်းပွားမှုကို ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် တစ်ဦးဖြစ်သော တရုတ်နိုင်ငံသည် ဇန်နဝါရီ ၁ရက်က အထည်အလိပ်အပေါ် ကမ္ဘာ့ကုန်သွယ်ရေးခွဲတမ်းများကို ရုပ်သိမ်းခဲ့ပြီးနောက် ကမ္ဘာ့အထည် အလိပ်ကုန်သွယ်မှု ညင်သာစွာဖွံ့ဖြိုး တိုးတက်စေရန် ကြိုးပမ်းရန်အတွက် လုပ်ငန်းများကို ချမှတ်ဆောင်ရွက်ထားရှိကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ထိုင်းပြည်သူများ ဆေးလိပ်မသောက်ရေးလှုံ့ဆော်မှု ဆေးဆိုင်များ ပါဝင်ပူးပေါင်းဆောင်ရွက်ကြမည်

ဗန်ကောက် မေ ၃၀

ပြည်သူများဆေးလိပ်ဖြတ်ရန်အတွက် အထောက်အကူဖြစ်ရန် လာမည့် သီတင်းပတ်၌ ဆေးလိပ် မသောက်ရေး စည်းရုံးလှုံ့ဆော်မှုပြုလုပ်သည့်အခါ ထိုင်းနိုင်ငံရှိ ဆေးဆိုင် ၂၀၀ ကျော်က ပါဝင်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဆေးလိပ် သောက်ခြင်းနှင့် ကျန်းမာရေးဖောင်ဒေးရှင်း(အေအက်စ်အိပ်ချ်)နှင့် ဆေးဆိုင်များ ကွန်ရက်တို့ ပူးတွဲဦးဆောင်မှုပြုသော လှုံ့ဆော်ရေးကို ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့ အထိမ်းအမှတ်အဖြစ် မေ ၃၁ရက်၌ စတင်မည်ဖြစ်သည်။

ဆေးဆိုင်များသည် ပြည်သူလူထုနှင့်ရင်းနှီးမှု ရှိသည်ဖြစ်ခြင်းကြောင့် ပြည်သူများဆေးလိပ်ဖြတ်ရာတွင် အကူအညီပေးရာ၌ တက်ကြွသောကဏ္ဍမှ ဆောင်ရွက်နိုင်ကြောင်း ဆေးဆိုင်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ကာသာဘန်ဒီတာနူကူလ်က ပြောကြားသည်။

ပြုလုပ်မည့် စည်းရုံးလှုံ့ဆော်မှုတွင် ပါဝင်ဆောင်ရွက်မည့်ဆေးဆိုင်များသည် ဆေးလိပ်သောက်ခြင်း ကင်းသောဆေးဆိုင်ဆိုသည့် ကြော်ငြာစာရွက်များကို ဆိုင်များ၏ ရှေ့၌ကပ်ထားမည်ဖြစ်ပြီး ဆေးလိပ်မည်သို့ ဖြတ်ရမည်ကို အကြံပေးသွားမည်ဖြစ်သည်။

ပြည်သူများ ဆေးလိပ်မသောက်ရေးလှုံ့ဆော်မှုတွင် ဆေးဆိုင်များ ပါဝင်မှု ကွန်ရက်ကို ယခုနှစ်ကုန်၌ ဆေးဆိုင် ၁၀၀၀အထက်အထိ တိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

တရုတ်နိုင်ငံမြောက်ပိုင်းတွင် ရှေးဟောင်းအုတ်ဂူများတွေ့ရှိ

ဟုတ်ဟော့ မေ ၃၀

တရုတ်နိုင်ငံမြောက်ပိုင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အဝေးပြေးအမြန်လမ်းမကြီး တစ်ခု ဖောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခု၌ တည်ဆောက်ရေးလုပ်ငန်းများ လုပ်ကိုင်စဉ် လွန်ခဲ့သည့် ဘီစီ(၄၀၃)မှ ဘီစီ(၂၂၁)ကာလအတွင်းရှိရှေးဟောင်း အုတ်ဂူများကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

တွေ့ရှိ

အဆိုပါရှေးဟောင်း အုတ်ဂူများ အနီးတွင် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀ ခန့်က ရှေးဟောင်းရွာတစ်ရွာကိုလည်း သုတေသနပညာရှင်များကရှာဖွေတွေ့ရှိခဲ့ကြသည်။

သိရ

ယင်းအုတ်ဂူများတွင် ရှေးဟောင်းအုတ်ခွက်များ၊ ရေတကောင်းများ၊ အိုးငယ်များကိုလည်း တွေ့ရှိခဲ့ကြရကြောင်း ထိုသို့တွေ့ရှိခြင်းမှာ ဆောင်ရှန်ခရိုင်ချန်ဂျာယန်ကျေးရွာအနီး တွင်ဖြစ်ကြောင်းသိရသည်။

ကြာမြင့်

ထိုနေရာများကိုပြည့်ပြည့်စုံစုံ ရှာဖွေနိုင်မှုမှာ အနည်းဆုံး သုံးလခန့် ကြာမြင့်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူများကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မယ်ကမ္ဘာပြိုင်ပွဲဝင်ရန်အတွက် ပြိုင်ပွဲဝင်များ ဆန်ခါတင်ရွေးချယ်မှုကိုမေ ၂၉ရက်က တွေ့ရစဉ်။ (ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၀မှ ပါဝင်ယှဉ်ပြိုင်မည့် မယ်ကမ္ဘာပြိုင်ပွဲအတွက် ဂျိနီဘယ်လီ ရာအဂတ်စ်(အလယ်)အား ရွေးချယ်ထားကြောင်း သိရသည်။) **(ဓာတ်ပုံ– အင်တာနက်)**

ဗြိတိသျှစစ်သား ၁၀ ဦး စစ်ရာဇဝတ်မှုဖြင့်စစ်ဆေးခံရ

လန်ဒန် မေ ၃၀

အီရတ်နိုင်ငံဗြိတိန်စစ် အကျဉ်းစခန်းအတွင်း အီရတ်အရပ်သား တစ်ဦးသေဆုံးမှုနှင့် ပတ်သက်၍ အနည်းဆုံး ဗြိတိသျှစစ်သား ၁၀ဦးအထိ စစ်ရာဇဝတ်မှုဖြင့် စုံစမ်းစစ်ဆေးခံနေရကြောင်း ဆန်းဒေးတယ်လီဂရပ်ဖ် သတင်းစာက ရေးသားဖော်ပြလိုက်သည်။

ဘွဲ့တံဆိပ်ဆုရဗိုလ်မှူးကြီးတစ်ဦး၊ ထောက်လှမ်းရေးတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် ဗြိတိသျှတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတကာရာဇဝတ်ဥပဒေအရ တရားစွဲဆိုမှုနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း သတင်းစာကရေးသားလိုက်သည်။

ဗိုလ်မှူးအဆင့်ရှိ စစ်ဘက်ဆရာဝန်တစ်ဦးကိုလည်း အဆိုပါလူသေမှုနှင့်စပ်လျဉ်း၍ ဝတ္တရားပျက်ကွက်မှု၊ ပေါ့လျော့မှုဖြင့် စုံစမ်းစစ်ဆေးနေသည်ဟု ထည့်သွင်းဖော်ပြလိုက်သည်။

အမှုမှာ ၂၀၀၃ ခုနှစ် စက်တင်ဘာလအတွင်းက ဘက်စရာမြို့ဟိုတယ်ဧည့်ကြိုဘာဟာမူဆာအား ဖမ်းဆီးပြီးနောက်တစ်ရက်တွင် သေဆုံးသွားမှုဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

နျူလက်နက်ဖျက်သိမ်းရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းမရှိမှု အီရန်နိုင်ငံက အမေရိကန်အား ပြစ်တင်ရှုတ်ချ

တီဟီရန် မေ ၃၀

နျူကလီးယားလက်နက်ဖျက်သိမ်းရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်းမရှိသော အမေရိကန်၏ သဘောထားရပ်တည်ချက်အတွက် အီရန်နိုင်ငံက အမေရိကန်အား ပြစ်တင်ရှုတ်ချလိုက်ပြီး နျူကလီးယားမပြန့်ပွားရေးစာချုပ် (အင်န်ပီတီ) ခိုင်မာရေးကို တိုက်တွန်းလိုက်ကြောင်း အိုင်အာအင်န်အေ သတင်းဌာနက မေ ၂၈ ရက် စနေနေ့၌ သတင်းဖော်ပြလိုက်သည်။

အမေရိကန်သည် ယင်း၏ ကမ်းကုန်သော မှတ်တမ်းကို အာရုံစိုက်ခြင်းမှ လွှဲဖယ်ရန် လုပ်ဆောင်ရာတွင် အင်န်ပီတီ၏ ညီလာခံ၌ မှုန်ဝါးဝါးဖြစ်အောင် ဖန်တီးရန် ကြိုးပမ်းခဲ့ကြောင်း ကုလသမဂ္ဂဆိုင်ရာအီရန်အမြဲတမ်း ကိုယ်စားလှယ်မိုဟာ မက်ဂျာဇက်ဇာရစ်ဖ်က ပြောကြားသည်ကို သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။

အင်န်ပီတီဆိုင်ရာ ပြန်လည်သုံးသပ်ရေးညီလာခံ ၂၀၀၅သည် အပြုသဘောဆောင်သော ရလဒ်များမရရှိဘဲ ပြီးဆုံးသွားပြီးနောက် ဇာရစ်ဖ်က နယူးယောက်တွင် မေလ ၂၇ရက် သောကြာနေ့၌ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင်အီရန်သံတမန်က နျူကလီးယားလက်နက်များ တိုးပွားလာခြင်းကို ပြစ်တင်ခဲ့ပြီး အင်န်ပီတီခိုင်မာစေရန် ကမ္ဘာ့အသိုင်းအဝိုင်းအား တိုက်တွန်းခဲ့သည်။

နျူကလီးယားလက်နက်များကြီးထွားကျယ်ပြန့်လာခြင်းကို ခွင့်လွှတ်မည့်အစားပြစ်တင်ရှုတ်ချရမည်ဖြစ်ကြောင်း၊ နျူကလီးယားစွမ်းဆောင်နိုင်မှုတစ်စုံတစ်ရာတိုးလာခြင်းသည် နိုင်ငံရေးတွင် ယုံကြည်ထိုက်မှုလျော့နည်းခြင်းနှင့် အတူတူဖြစ်မည်ဟု ဇာရစ်ဖ်က ပြောကြားသည်။

နျူကလီးယားမပြန့်ပွားရေးကိစ္စတွင် သဘောထားနှစ်ခွ အမေရိကန်က ကျင့်သုံးခြင်းအတွက် အမေရိကန်ကို အီရန်နိုင်ငံက ပြစ်တင်ပြောဆိုသည်။ အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များကို လျှို့ဝှက်စွာတီထွင်ထုတ်လုပ်နေသည်ဟု အမေရိကန်ကလည်း စွပ်စွဲပြောဆိုခဲ့သည်။

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေးအတွက် လုံးဝဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ကူဝိတ်နိုင်ငံ ဒုတိယအကြီးဆုံး ဆက်သွယ်ရေး ကုမ္ပဏီအား နိုကီရာကုမ္ပဏီက ဆက်သွယ်ရေးနည်းပညာများ ထောက်ပံ့မည်

ကူဝိတ်စီးတီး မေ ၃၀

ကူဝိတ်နိုင်ငံ ဒုတိယမြောက်အကြီးဆုံး ဆက်သွယ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် ဝါတာနီယာတယ်လီကွန်းနှင့် နိုကီရာ ကုမ္ပဏီတို့သည် အမေရိကန်ဒေါ်လာ ၁၂၅ သန်းတန်ဖိုးရှိသော နည်းပညာသစ်များ ထောက်ပံ့ဖြည့်ဆည်းပေးရေး သဘောတူညီမှုစာချုပ်တစ်ရပ်ကို မေ ၂၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြကြောင်း ကူဝိတ်သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါသဘောတူညီမှုစာချုပ်ကို ဝါတာနီယာကုမ္ပဏီမှ ထိပ်တန်းအရာရှိတစ်ဦးဖြစ်သည့် ဟာရီကိုပိုနန်နှင့် နိုကီရာကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

ဖွင့်လှစ်

ယင်းသဘောတူစာချုပ်တွင် နိုကီရာအနေဖြင့် ကူဝိတ်ကုမ္ပဏီနှင့်အတူ မိုဘိုင်းလ်နည်းပညာရပ်ဆိုင်ရာ သတင်းဆက်သွယ်ရေးကွန်ရက် လမ်းကြောင်းများကို ဖွင့်လှစ်ပေးရမည်ဖြစ်သည်။

နိုကီရာအနေဖြင့် ဝါတာနီယာကုမ္ပဏီကို နိုကီရာနက်ဝက်ခ်မှတစ်ဆင့် မြန်နှုန်းမြင့် သတင်းနည်းပညာရပ်များကို ထောက်ပံ့ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း နိုကီရာကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဝါလစ်မိုနီမင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်နေသည်ကို မေ ၃၀ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ– အင်တာနက်)

ဂျပန်မစ်ဆူဘီရှိကုမ္ပဏီက တာဝန်ယူတည်ဆောက်မည့် ဒူဘိုင်းမြို့ရှိ အဆင့်မြင့်ရထားလမ်းပုံစံအားကွန်ပျူတာဖြင့် ပုံဖော်ထားသည်ကို မေ၃၀ရက်က တွေ့ရစဉ်။ (ယင်းစီမံကိန်းသည် ငါးနှစ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်းနှင့် ၄၃မိုင်ကျော်ရှည်လျားသည့် ရထားလမ်းဖြစ်ကြောင်းသိရသည်။) (ဓာတ်ပုံ-အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

စပိန်နိုင်ငံ၏ အကြီးဆုံးခရီးသွားလုပ်ငန်းအုပ်စု တရုတ်နိုင်ငံဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမည်

ပေကျင်း မေ ၃၀

စပိန်နိုင်ငံ၏ အကြီးဆုံးခရီးသွားလုပ်ငန်းအုပ်စုဖြစ်သည့် ဂလိုဘယ်ကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံ၏ ဟိုတယ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားကြောင်း အဆိုပါကုမ္ပဏီ၏ အကြီးအကဲဖြစ်သူ ဂျွန်ဂျို့ဟီဒယ်ရိုက ပေကျင်းမြို့တွင် မေ ၂၉ ရက်က ပြောကြားသည်။

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စီးပွားရေးဆိုင်ရာ ခရီးသွားဧည့်သည်များ လာရောက်မှုတိုးတက်များပြားလာခြင်းသည်ကမ္ဘာ့ဟိုတယ်လုပ်ငန်း၏ ဆွဲဆောင်မှုအကြောင်းအချက်ပင်ဖြစ်ကြောင်း ဂျွန်ဂျို့ဟီဒယ်ရိုက ပြောကြားသည်။

ကူညီသွားမည်

ပေကျင်းတွင် နိုင်ငံတကာအဆင့်မီဟိုတယ်ပေါင်း ၈၀၀ ကျော်ရှိရာ ခရီးသွားဧည့်သည် တိုးတက်လာမှုကို ကောင်းမွန်စွာ ဝန်ဆောင်မှုပေးနိုင်သည့် အနေအထားရှိသည်။ တရုတ်နိုင်ငံရှိ ဟိုတယ်အချို့အပါအဝင် သုံးနှစ်အတွင်း ကမ္ဘာတစ်ဝန်း၌ ဟိုတယ်ပေါင်း၁၀၀ ကျော်ဆောက်လုပ်ရန် ဂလိုဘယ် ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။ ယင်းဂလိုဘယ် ခရီးသွားလုပ်ငန်းအုပ်စုအနေဖြင့်လည်း ခရီးသွားဧည့်သည်အား ဝန်ဆောင်မှုပေးနိုင်ရန်အတွက် စပိန်စကားပြောဧည့်သည်များကိုလည်း အကာအကွယ်ပေးရန် ကူညီသွားမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ထိုင်းပြည်သူများ စွမ်းအင်ချွေတာရေးအတွက် လှုံ့ဆော်သွားမည်ဟု ထိုင်းဝန်ကြီးချုပ်ပြောကြား

ဗန်ကောက် မေ ၃၀

ထိုင်းနိုင်ငံ၏ကုန်သွယ်ရေး လိုငွေပြမှုသည် စိုးရိမ်ရသော ပြဿနာတစ်ရပ် ဖြစ်လာခြင်းကြောင့် ကုန်ကြမ်းပစ္စည်းများနှင့် ရေနံသွင်းကုန်များအပေါ် မဖြစ်မနေထိန်းချုပ်မှု လုပ်ရဖွယ်ရှိကြောင်း၊ ထို့ပြင် ထိုင်းအစိုးရသည် ထိုင်းပြည်သူများ စွမ်းအင်ချွေတာရေးအတွက် တိုက်တွန်းရန် ဇွန် ၁ရက်မှ စပြီး လှုံ့ဆော်သွားရန်လည်း စီစဉ်ထားကြောင်း ဝန်ကြီးချုပ် သက်ဆင်ရှင်နာဝပ်က မေ ၂၈ရက် စနေနေ့၌ ပြောကြားလိုက်သည်။

အပတ်စဉ်ရေဒီယိုမှ မိန့်ခွန်းပြောကြားရာ၌ လေအေးစက်များကို မွန်းတည့်ချိန်နှင့် မွန်းလွဲ ၁နာရီကြား ပိတ်ထားရန်၊ ညဂနာရီ ၄၅မိနစ်နောက်ပိုင်းတွင် အိမ်သုံးလျှပ်စစ်မီး တစ်ပွင့် ထက်မနည်း ပိတ်ထားရန်၊ မော်တော်ယာဉ်မောင်းသူများ တစ်နာရီတွင် ကီလို၉၀အောက်သာ မောင်းကြရန် တိုက်တွန်းမည်ဖြစ်ကြောင်း သက်ဆင်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံမှကျောက်မျက်ရတနာများကို အာဆီယံနိုင်ငံများက အဓိကဝယ်ယူ

နန်နင်း မေ ၃၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်စီကျောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အဓိကထုတ်လုပ်သော ကျောက်မျက်များ၏ အရေးပါသောဈေးကွက်သည် အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)ဝင် နိုင်ငံများဖြစ်လာကြောင်း သိရသည်။ ကမ္ဘာ့အကြီးမားဆုံး ကျောက်မျက်ထုတ်လုပ်ဖြန့်ဖြူးသည့် ကွမ်စီကျောင်ဒေသ၏ ဝူကျို့မြို့မှာ ကျောက်မျက်စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်ထုတ်လုပ်ရာ အများစုမှာ အာဆီယံနိုင်ငံများသို့တင်ပို့ဖြန့်ဖြူးခြင်းဖြစ်ပြီး အထူးသဖြင့် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့ရကြောင်းသိရသည်။

ဝူကျို့မြို့တွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် ၄၀၀ကျော်ရှိရာ ယင်းတို့သည် အာဆီယံနိုင်ငံများနှင့် ကုန်သွယ်မှု ဆက်ဆံရေးလုပ်ငန်းများ ထူထောင်ထားလျက်ရှိပြီး တရုတ်ကျောက်မျက်လုပ်ငန်းများသည် အာဆီယံနိုင်ငံများတွင် လုပ်ငန်းခွဲများ ထူထောင်မှုပိုမိုများလာလျက်ရှိသည်။

ကုန်သွယ်ဖက်

ထိုသို့များပြားလာမှုကြောင်း အာဆီယံအနေဖြင့် တရုတ်နိုင်ငံ၏ တတိယမြောက်အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်လာကြောင်း သိရသည်။

ဆွဲဆောင်

တရုတ်နိုင်ငံ ဝူကျို့မြို့မှ ထွက်ရှိသော ကျောက်မျက်များကို ပြီးခဲ့သည့်နှစ်က ထိုင်းနိုင်ငံတွင် ပြပွဲတစ်ရပ် ကျင်းပပြုလုပ်ခဲ့ရာ ထိုင်းနိုင်ငံမှ ကျောက်မျက်လုပ်ငန်းရှင် ဒါဇင်ပေါင်းများစွာကို ဆွဲဆောင်နိုင်ခဲ့သည်။

တင်ပို့ရောင်းချ

တရုတ်နိုင်ငံမှ ထုတ်လုပ်သော ကျောက်မျက်များကို အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ မက္ကဆီကိုနှင့် ရုရှား နိုင်ငံများသို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆူဒန်အနောက်ပိုင်း ဒါဖာဒေသ အခြေအနေ တိုးတက်မှုရှိလာကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်အတည်ပြုပြောဆို

ခါတွမ် မေ ၃၀

ပြည်တွင်းစစ်ကြောင့် အပျက်အစီးများဖြင့် ပြည့်နှက်ခဲ့သောဆူဒန်နိုင်ငံအနောက်ပိုင်း ဒါဖာဒေသသည် ယခုအခါအခြေအနေတစ်ရပ်လုံးမှာ တိုးတက်လာသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နန်က မေ၂၈ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

ငြိမ်းချမ်းရေးနှင့် လူသားချင်းစာနာထောက်ထားရေးအကူအညီများပေးမှု၊ တိုးမြှင့်ကြိုးပမ်းရန် ခါတွမ်မြို့တော်မှ တောင်ဒါဖာပြည်နယ်မြို့တော်နီယာလာသို့ ရောက်ရှိလာစဉ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အထက်ပါအတိုင်း အတည်ပြုပြောလိုက်ခြင်းဖြစ်သည်။

တိုက်တွန်း

ဒေသတွင်း ယေဘုယျအခြေအနေမှာ တိုးတက်ကောင်းမွန်လာပြီဖြစ်ကြောင်း၊ သို့သော် ငြိမ်းချမ်းရေးနှင့်တကွ ကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပတ်ဝန်းကျင်အခြေအနေတိုးတက်ကောင်းမွန်စေရန် ဆက်လက်ကြိုးပမ်းရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုဖီအာနန်သည် ကာလ်မာဒုက္ခသည် စခန်းသို့သွားရောက်ခြင်း၊ လာဘာဒိုမြို့သို့သွားကာ အာဖရိကသမဂ္ဂ(အေယူ) ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခြင်းမပြုမီ၊ နီယာလာလေဆိပ်သို့ ခရီးရောက်မဆိုက် တောင်ဒါဖာပြည်နယ် အုပ်ချုပ်ရေးမှူး အယ်တိုင်အက်တာ အယ်မန်နန်နှင့် တွေ့ဆုံဆွေးနွေးသည်။

စွန့်ပစ်ထွက်ပြေး

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ကာလ်မာ ဒုက္ခသည်စခန်းသို့သွားရောက်စဉ် ပြည်သူများက လမ်းဘေးဝဲယာမှ သောင်းသောင်းဖြဖြကြိုဆိုကြသည်။ ထိုစခန်းမှာ အကြမ်းဖက်မှုကြောင့် အိုးအိမ်စွန့်ပစ်ထွက်ပြေးသူ ဒုက္ခသည်စခန်းများအနက် အကြီးဆုံးဒုက္ခသည် စခန်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်တပ်ဖွဲ့ စစ်ဆေးရေးစခန်း ကားဗုံးဖောက်ခွဲတိုက်ခိုက်ခြင်းခံရ

ဘဂ္ဂဒက် မေ ၃၀

ဘဂ္ဂဒက်တောင်ဘက်ရှိ အီရတ်တပ်ဖွဲ့စစ်ဆေးရေးစခန်းကို မေ၂၉ရက် အစောပိုင်း၌ အသေခံကားဗုံး ဖောက်ခွဲသူ တစ်ဦးက တိုက်ခိုက်ခဲ့ရာ တပ်ဖွဲ့ဝင်ကိုးဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာန အရာရှိတစ်ဦးက ပြောကြားသည်။

တိုက်ခိုက်

အသေခံ ကားဗုံးဖောက်ခွဲတိုက်ခိုက်သူသည် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသောကားကို ဘဂ္ဂဒက်တောင်ဘက် ၂၀ကီလိုမီတာခန့်ရှိ ယူဆီဖီယာမြို့အနီးမှ စစ်ဆေးရေးစခန်းအတွင်းသို့မောင်းဝင်ပြီး ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ထိုအရာရှိကပြောကြားသည်။ အီရတ်တပ်ဖွဲ့ဝင်များက ဘဂ္ဂဒက်ဝန်းကျင်၌ ထိုးစစ်ကြီးဆင်နွှဲစဉ် ထိုသို့တိုက်ခိုက်မှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဗုံးခွဲ တိုက်ခိုက်

အီရတ် နိုင်ငံ ဘဂ္ဂဒက်မြို့၌ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့်ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို မေ၂၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန်မှာကြား

ရန်ကုန် မေ ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့် လိုက်ပါလျက် မေ ၂၈ ရက်က ပန်းတနော်မြို့သို့ ရောက်ရှိသည်။

အလွယ်တကူဆက်သွယ်နိုင်

ရှေးဦးစွာ ဝန်ကြီးသည်ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားသော ရန်ကုန်-ဝါးခယ်မလမ်းနှင့် ဆက်သွယ်သည့် ခတ္တိယ ကျေးလက်မြေသားလမ်းကို ကြည့်ရှုစစ်ဆေးသည်။ လမ်းနှင့်ပတ်သက်၍ မြို့နယ်အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဇင်ဝေတို့က ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်သို့ ဆက်လက် ဆောင်ရွက်ရန် မှာကြားပြီး လမ်းတစ်လျှောက် လှည့်လည်စစ်ဆေးသည်။ ခတ္တိယ ကျေးလက်မြေသားလမ်းသည် အရှည် နှစ်မိုင်ခန့်ရှိပြီး ငွေကျပ် ၁၄၃ သိန်းဖြင့် ဆောင်ရွက်သည်။ ယင်းလမ်းဖြင့် ကျေးရွာအုပ်စု ငါးစု၊ ကျေးရွာပေါင်း ၂၆ ရွာမှ ပြည်သူများ ပန်းတနော်မြို့သို့ အလွယ်တကူ ဆက်သွယ်သွားရောက်နိုင်ပြီ ဖြစ်သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ထားသော ခတ္တိယကျေးလက်မူလတန်းကျောင်း ဆောက်လုပ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၂၉ ရက်တွင် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ရှေးဦးစွာ မြို့နယ် အမှုဆောင်အရာရှိ ဦးမြင့်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့က ဒေသဖွံ့ဖြိုးရေးနှင့် မြို့ပြသာယာလှပရေး စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အရှိန်အဟုန်ဖြင့်

ဝန်ကြီးနှင့်အဖွဲ့သည် မေ ၃၀ ရက် နံနက်ပိုင်းတွင် အိမ်မဲမြို့သို့ ရောက်ရှိပြီး အိမ်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ထို့နောက် အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးမြင့်တို့က စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရေးကို မှာကြားပြီး **(အပေါ်ဝဲပုံ)** လိုအပ်ချက်များဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပညာပေးဟောပြောကြမည့် ဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးဌာန မူလတန်းကြိုဆရာမများ၊ ကျောင်းသား ကျောင်းသူလေးများ၏ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌဒေါက်တာဒေါ်တင်လင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဟောပြော

ဆက်လက်၍ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဆေးလိပ်ကင်းဝေးရေးစီမံချက်မန်နေဂျာ ဒေါက်တာဒေါ်ညိုညိုကြိုင်က **'ဆေးလိပ်သောက်သုံးခြင်း၏ဆိုးကျိုးများ'**အကြောင်းကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ပဏာမသွားနှင့်ခံတွင်းကျန်းမာရေး စီမံချက် လက်ထောက်စီမံချက်မန်နေဂျာ ဒေါက်တာဦးကိုကိုမော်က **'ခံတွင်းကျန်းမာရေးနှင့်ဆေးလိပ်ဆေးရွက်သောက်သုံးခြင်း'**အကြောင်းကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပညာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးက ပညာပေးဟောပြောကြသော ဆရာဝန်ကြီးများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ပြီးအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အထိမ်းအမှတ် ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားတွင် အသင်းဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဇေယျဝတီဆရာတော် သစ္စာတရားတော်ဟောကြားမည်

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ် ၅ မေခလမ်း၌ တည်ထောင်ထားအပ်သော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာကျောင်းနှင့် ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာနနာယက ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊ဘီအေ)သည် မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲ အမှတ်(၁၂၉)တွင် ဇွန် ၂၂ရက်မှ ၂၈ရက်အထိ ကျင်းပမည့် ခုနစ်ရက် တရားစခန်းပွဲ၌ ကျေးဇူးရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆက်သွယ်လိုပါက ဖုန်း-၆၃၆၁၃၄၊ ၃၈၂၇၅၆ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၁)ထွက်ပြီ

ရန်ကုန် မေ ၃၁

မိုးရာသီသို့ရောက်၍ တောင်လေဖြူးလာသည့်အခါ မိုးသက်မိုးရနံ့ ကလေးများ ရလာပြီ၊ လောကတစ်ဝန်းလုံးရှိ သစ်ပင်ပန်းပင်ကြီးငယ်တို့သည်လည်း အရွက်၊ အညွန့်ကားကား စွင့်စွင့် ဖူးပွင့်ကုန်လျက် ရှုလေတိုင်း စိမ်းစိုလန်းဆန်းလျက်ရှိသည်။ ဇွန်လမိုးဦးမိုးစက်များနှင့်အတူ ပြည်သူအများ စိတ်ရွှင်လန်း ချမ်းမြေ့စွာဖြင့် ဖတ်ရှုလေ့လာနိုင်ရန် ဒို့ကျေးရွာဂျာနယ် အတွဲ(၂)၊ အမှတ်(၁၁)ထွက်ရှိနေပြီဖြစ်သည်။ **(ဝဲပုံ)** ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် သရက်ပင် နှစ်စဉ်သီးလိုသော်၊ ကြိုဆိုပါသည် ရွှေမိုးညို၊ ပြည်သူ့အကျိုးပြု စာအုပ်စာပေနှင့် စာကြည့်တိုက်များ၊ ကျောင်းဖွင့်ချိန်၊ မလစ်ကျေးရွာနွေစပါး၊ ငှက်သတ္တဝါတို့၏ ထူးခြားသော ဓလေ့စရိုက်များ စသည့် ဆောင်းပါးများအပြင် ပဲ့တင်သံစာမျက်နှာ၊ ကာတွန်း၊ ပုံပြင်၊ ကဗျာ၊ ဓမ္မသုတ၊ မှတ်ဖွယ်သုတကဏ္ဍများကို ဖတ်ချင်စဖွယ် ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူများနှင့် ကြော်ငြာများကို အမှတ် ၃၀-၃၂၊ ၁၀လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၂၊ ၂၅၂၄၅၂၊ ၃၇၉၇၆၈သို့ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဗိမာန် စာမူဆုပြိုင်ပွဲ(၂၀၀၄) ဘာသာပြန်စာမူပြဋ္ဌာန်း

ရန်ကုန် မေ ၃၁

နှစ်စဉ်ကျင်းပလျက်ရှိသော စာပေဗိမာန် စာမူဆုပြိုင်ပွဲ တွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ၂၀၀၄ခုနှစ်အတွက် စာမူ ဆုများကို ဖိတ်ခေါ်ခဲ့ပြီးဖြစ်သည်။ ဘာသာပြန်စာမူ (၂၀၀၄ခုနှစ်)အတွက် Philippe Legrain ရေးသားသည့် A Brief History of Globalisation ကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါ စာအုပ်ကို ရန်ကုန်မြို့ ၅၂၉/၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အရောင်းဆိုင်တွင် ငွေကျပ် ၇၀ ဖြင့် ဝယ်ယူပြန်ဆို၍ ပြိုင်ပွဲဝင်နိုင်သည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ယင်းပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်စာတည်းဌာနတွင် ငွေကျပ် ၃၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှမှာယူလိုသူများသည် ငွေကျပ် ၄၀ ကို ငွေသားသို့မဟုတ် တံဆိပ်ခေါင်းတန်ဖိုးဖြင့် ပေးပို့မှာယူနိုင်သည်။

ဘာသာပြန်စာမူ ပြဋ္ဌာန်းစာအုပ်ကို နယ်မှဝယ်ယူလိုသူများသည် စာအုပ်တန်ဖိုးနှင့် တံဆိပ်ခေါင်း ငွေကျပ် ၄၀ စုစုပေါင်း ငွေကျပ် ၁၁၀ ကို ငွေပို့လွှာဖြင့် အထက်ပါလိပ်စာအတိုင်းမှာယူရရှိနိုင်ပြီး ဘာသာပြန်စာမူကို စက်တင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၃၁ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၇၈၈၂)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

သတ်မှတ်ထားသောဥပဒေ နည်းဥပဒေများအားတိကျစွာလိုက်နာ ယမန်နှစ်အတွေ့အကြုံများအပေါ်သင်ခန်းစာယူပြီး တက်ညီလက်ညီဆောင်ရွက်

ရန်ကုန် မေ ၃၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဘဏ်များကြီးကြပ်ရေးကော်မတီနှင့် မြန်မာနိုင်ငံဘဏ်များအသင်း အမှုဆောင်အဖွဲ့၏ အကြိမ်(၇၀)မြောက် အစည်းအဝေးကို ယနေ့နံနက် ၈နာရီက ရန်ကုန်မြို့ စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ နိုင်ငံတော်ပိုင်ဘဏ်နှင့်ပုဂ္ဂလိက ဘဏ်တို့မှသက်ဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ယခုအခါ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်သို့ ကူးပြောင်းရောက်ရှိပြီးဖြစ်၍ ဘဏ်များအားလုံးသည် ယမန်နှစ်က အတွေ့အကြုံများအပေါ် သင်ခန်းစာရယူပြီး ဘဏ်လုပ်ငန်းများကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ သတ်မှတ်ထားသော ဥပဒေ၊ နည်းဥပဒေ၊စည်းမျဉ်း ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် သတ်မှတ်ပြဋ္ဌာန်းထားသော ငွေရေး ကြေးရေး အချိုးများကို သတ်မှတ်ချက်ပြည့်မီအောင် ထားရှိဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ဘဏ်ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များကိုနိုင်ငံတော်ပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်အားလုံးတို့အနေဖြင့် တိကျစွာ လိုက်နာ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသွားသည်။ **(သတင်းစဉ်)**

စီမံကိန်းရည်မှန်းချက်တာဝန်များ အောင်မြင်အောင်အကောင်အထည်ဖော် မိမိတို့လုပ်ငန်းခွင်များ၌ စည်းလုံးညီညွတ်စွာ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်

ရန်ကုန် မေ ၃၁

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့နံနက် ၁၀ နာရီခွဲက ဝန်ကြီးဌာန သီရိရတနာခန်းမ၌ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း၊ ဦးစီးဌာနများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်းရည်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါအခမ်းအနားသို့ သတ္တုတွင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမြင့်သိန်းက လုပ်ငန်းဌာနတစ်ခုချင်း အလိုက် ၂၀၀၄-၂၀၀၅ ခုနှစ် အတွင်း လုပ်ငန်း အကောင်အထည်ဖော်မှု တိုးတက်လာသော အခြေအနေများ၊ ဝန်ထမ်းများအပေါ် ကူညီထောက်ပံ့မှု အခြေအနေများ၊ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထုတ်လုပ်မှု တိုးတက်ရေး၊ စက်သုံးဆီချွေတာရေး၊ ဝန်ထမ်းများနှင့် မိသားစုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားမှု အခြေအနေတို့ကို သက်ဆိုင်ရာ ဌာနအကြီးအကဲများက ရှင်းလင်းတင်ပြကြသည်။

ပူးပေါင်းလုပ်ကိုင်

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က သတ္တုတွင်းဝန်ကြီးဌာန အောက်ရှိ လုပ်ငန်းဌာနများ၏ ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းလျာထားချက်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို လည်းကောင်း၊ GDP တိုးတက်လာမှု ရာခိုင်နှုန်းများကိုလည်းကောင်း၊ ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့ကိုလည်းကောင်း၊ ဝန်ထမ်းများ အရည်အသွေး တိုးတက်မြင့်မားရေးအတွက် လည်းကောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ဝန်ထမ်းများအားလုံး တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်ကိုလည်းကောင်း၊ နိုင်ငံတော်၏ စေတနာကို သိရှိနားလည်ပြီး မိမိတို့ လုပ်ငန်းခွင်များ၌ ကြိုးကြိုးစားစား စည်းလုံး ညီညွတ်စွာပူးပေါင်းလုပ်ကိုင် ဆောင်ရွက်သွားကြရန်ကိုလည်းကောင်း ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဦးမြင့်အောင်အား မလေးရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

ရန်ကုန် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးမြင့်အောင်အား မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ဦးဝင်းမြင့်အား စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

ရန်ကုန် ဇွန် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် ဦးဝင်းမြင့်အား စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

မြောင်းမြမြို့နယ်ကျေးရွာပြည်သူများအကျိုးပြုမည့် ပြင်ရွာကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲ

ရန်ကုန် မေ ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် စည်ပင်သာယာရေးဦးစီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၉ ရက် ညနေပိုင်းတွင် မြောင်းမြမြို့နယ် ပြင်ရွာမှ ပုသိမ်-မြောင်းမြလမ်းသို့ ဆက်သွယ်သည့် ပြင်ရွာကျေးလက်ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။

လမ်းဖွင့်ပွဲကို မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးအေးဟန်နှင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ညွှန်ကြားရေးမှူးချုပ်က ကျောက်ချောလမ်းသစ်ကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ကျေးလက် ကျောက်ချောလမ်းသည် အရှည်ပေ ၅၂၅၅နှင့် အကျယ် ၁၂ ပေရှိပြီး စည်ပင်သာယာရေး ရန်ပုံငွေကျပ် ၈၀၉၇ သိန်းအကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လမ်းဖောက်လုပ်ခြင်းဖြင့် ကျေးရွာအုပ်စုခုနစ်အုပ်စုမှ ကျေးလက်နေပြည်သူ ၆၀၀၀ ကျော်တို့အား အကျိုးပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၃၁

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ အဖွဲ့ချုပ်က ကြီးမှူးလျက် ကမ္ဘာ့ဌာန်းဆရာကြီး ဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ) ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်း ဖွင့်လှစ်မြဲဖြစ်သည့် (၁၃၃)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ခုနစ်ရက်တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ် ဆရာသက်ကြီး ဝိပဿနာ ဓမ္မရိပ်သာ၌ ဇွန် ၆ ရက် ညနေ ၆ နာရီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ တရားစခန်း ဝင်လိုသော ယောဂီများသည် ဖုန်း-၂၅၄၉၀၆ နှင့် ၀၅၆-၂၁၄၃၂တို့သို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်းနှင့် တရားစခန်းဖွင့်မည့် ဇွန် ၆ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်သို့ လာရောက်ကြပါက မော်တော်ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

မေ ၃၀ ရက်က တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့ဝင်သားသမီးများအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးစိုးလွင်က ငွေကျပ်နှစ်သိန်းငါးသောင်း ပေးအပ်ရာ တပ်ဖွဲ့ဝင်များ၏ကိုယ်စား စခန်းမှူး ရဲအုပ်ကျော်တင့်က လက်ခံရယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မေးကြည့် ဖြေကြည့် ပဟေဠိ
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၀	တေးဂီတအစီအစဉ်
၇း၄၅	စပါးအထွက်တိုးစိုက်ပျိုးရေး
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	ပြည်သူ့အတွက်ကျန်းမာရေး (အရိုးကျီးပေါင်းတက်ရောဂါ)
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (အကယ်ဒမီခင်ယုမေ)
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၀	ဖျော်ချောင်းတံတား
၉း၂၀	စပါးအထွက်တိုးစိုက်ပျိုးရေး
၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	သီးနှံများကိုမှတ်ပုံတင်ခြင်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ကျန်းမာရေးအတွက် သန့်လေးသန့်
၁၀း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀	တိုင်းပြည်ကြွယ်ဝချမ်းသာဖို့ သစ်တောသစ်ပင်ထိန်းသိမ်းစို့
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁-၆-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၀	၆။ မျိုးချစ်တပ်မတော်
၄း၄၀	၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၄း၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀	၉။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် Final Accounts (ပထမနှစ်-စီးပွားရေး အထူးပြု)
၅း၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၆။ လျှပ်တစ်ပြက်
၇း၀၀	၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွှာနဲ့ကြမ္မာ"** (အပိုင်း-၂၇)
၈း၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ ဗွီစီဒီကျော်ကြားတေးများ
	၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** (အပိုင်း-၁၃)

❐ *ရှေ့ဖုံးမှ*

လှိုင်မြို့နယ် ဘုရင့်နောင်လမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းနှင့် မင်းဓမ္မလမ်းဆုံအနီး ခရမ်းချောင်းတစ်လျှောက် အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေနှင့် ကျိုက်ဝိုင်းဘုရားလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက်ခင်းကျင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပစေရေးအတွက် အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများကို လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများစုပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်နှင့် လမ်းများ အရည်အသွေးစံချိန်စံညွှန်းမီစွာ အမြန်ခင်းကျင်းပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် သမဝါယမဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ပပို့ကုန်ကဏ္ဍများ ပိုမိုတိုးတက်ရေးနှင့် အသားတင်ထုတ်လုပ်မှုတိုးတက်ရန် ပူးပေါင်းဆောင်ရွက်

ရန်ကုန် မေ ၃၁

သမဝါယမဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၈နာရီက ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သမဝါယမဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာ၌ ပြည်နယ်၊တိုင်းများရှိ သမဝါယမဦးစီးမှူးများနှင့် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌများသည် သမဝါယမထုတ်ကုန်ကဏ္ဍများဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ သားငါးကဏ္ဍစသည့် ထုတ်လုပ်မှုကဏ္ဍများနှင့် ပြည်ပပို့ကုန်ကဏ္ဍများတွင် သိသိသာသာ ပိုမိုတိုးတက်အောင် ဆောင်ရွက်ရေး၊ အသုံးစရိတ်များ ခြိုးခြံချွေတာပြီး အလေအလွင့်နည်းအောင်ဆောင်ရွက်ရေး၊ ဝန်ထမ်းများ ဝန်ထမ်းစည်းကမ်းနှင့်အညီ လိုက်နာနေထိုင်ရေး၊ သမဝါယမလုပ်ငန်းများ၏ အသားတင်ထုတ်လုပ်မှု တိုးတက်စေရန်အတွက် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများအားလုံးသည် ယှဉ်ပြိုင်ခြင်းဖြင့် တိုးတက်အောင်ဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုးတက်အောင် ဆောင်ရွက်ရေးတို့ကို အသေးစိတ်မှာကြားသည်။

ထို့နောက် ဗဟိုသမဝါယမအသင်း၊ သမဝါယမဘဏ်၊ ပြည်နယ်၊ တိုင်း သမဝါယမဦးစီးဌာနများ၊ သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများ၊ သမဝါယမဒီဂရီကောလိပ်နှင့် သမဝါယမကောလိပ်ကျောင်းအုပ်ကြီးများက မိမိတို့လုပ်ငန်းဆိုင်ရာ အခြေအနေများကို တင်ပြကြရာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြဆွေးနွေး

ထို့နောက် အသေးစားစက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦးက တင်ပြပြီး ပြည်နယ်၊ တိုင်းအလိုက် အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းသည့် စက်မှုလုပ်ငန်းများ ပံ့ပိုးမြှင့်တင်ရေးနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

● *ရှေ့ဖုံးမှ*

တင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းဆိုင်ရာများ မှာကြားရာတွင် စက်ရုံစွမ်းအားပြည့်လည်ပတ်နိုင်ရန် ထုတ်လုပ်မှုမြှင့်တင်ရေး၊ ကုန်ကြမ်းလိုအပ်ချက်နှင့်အညီ ဆီသီးခိုင်စဉ်ဆက်မပြတ်ရရှိနိုင်အောင် ပင်ပျိုးအစားထိုးစိုက်ပျိုးရေး၊ သုတေသနလုပ်ငန်းများ တစ်ဖက်မှဆောင်ရွက်ရင်း ပြည်တွင်းစားသုံးဆီ ဖူလုံရန်၊ နိုင်ငံတော်မှ ဆောင်ရွက်နေသည့် ဆီအုန်းစိုက်ပျိုးမှုတွင် မျိုးသန့်များ ပွားများထုတ်လုပ်ရေးနှင့် စက်ရုံလုပ်ငန်းများတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ကြရန် မှာကြားသည်။

ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့်အဖွဲ့သည် မေ ၂၉ ရက်တွင် မော်လမြိုင်မြို့နယ် ဖားအောက်ကျေးရွာအနီးရှိ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း နှစ်ရှည်ပင်များ အသုံးချသုတေသနဌာနသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ဝန်ကြီးနှင့်အဖွဲ့အား နှစ်ရှည်ပင်များအလိုက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ကျွမ်းကျင်သူများက ဆီအုန်းစပ်မျိုးစေ့ထုတ်လုပ်မှု၊ မျိုးဖြန့်ဝေမှု၊ ဆီကြမ်း၊ ဆီသန့်ခွဲခြားသုတေသနပြုမှုနှင့် တွေ့ရှိချက်များကို လည်းကောင်း၊ ရွှေကွမ်းသီး၊ ဆီသပြေသုတေသနလုပ်ငန်းများကို လည်းကောင်း၊ ရော်ဘာမျိုးများ အလိုက်စိစစ်ရာမှ ဒေသအလိုက် စိုက်ပျိုးသင့်သော မျိုးသန့်များ သုတေသနပြုလုပ်မှု၊ ကိုင်းပွားမျိုးယူမှုလုပ်ငန်း၊ ရော်ဘာပြားများ သုတေသနပြုလုပ်၍ အရည်အသွေးကောင်း ထုတ်လုပ်မှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက သုတေသနပညာရှင်များအား နိုင်ငံတော်၏ လယ်ယာကဏ္ဍ ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် နှစ်ရှည်ပင်များ အသုံးချသုတေသနဌာန၌ ရော်ဘာပင်၊ ဆီအုန်းပင်များနှင့် နှစ်ရှည်ပင်များ ပိုးမွှားရောဂါနှင့် ကာကွယ်ဆေးများ သုတေသနလုပ်ငန်းကို လည်းကောင်း၊ တစ်သျှူးမျိုးမွေးမြူနည်းဖြင့် ဆီအုန်းစပ်မျိုးပွားများမှုကို လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းများသို့ ဆီအုန်းအပင်ပေါက်မျိုးစေ့ဖြန့်နိုင်ရန် အပူပေးမျိုးဖောက်သုတေသနနှင့် မျိုးပွားလုပ်ငန်းကို လည်းကောင်း၊ ရော်ဘာစေးပိုမိုရရှိနိုင်ရန် ဆောင်ရွက်နိုင်သည့် နည်းလမ်းများသုတေသနလုပ်ငန်းနှင့်ရော်ဘာစေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများကို လည်းကောင်း၊ မြေဆီလွှာနှင့် မြေဩဇာ အမျိုးမျိုးသုတေသနလုပ်ငန်းကိုလည်းကောင်း၊ ရော်ဘာပင်ထွက်လူသုံးပစ္စည်းများ၊ ဈေးကွက်တင်နိုင်သော ထုတ်လုပ်ကုန်ပစ္စည်း ပြခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းနှင့် အထွေထွေမန်နေဂျာများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးက သုတေသနတာဝန်ခံများအနေဖြင့် ရော်ဘာနှင့် ဆီအုန်းစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နေကြသူများအား မျိုးကောင်းမျိုးသန့်ပျိုးပင်များ အလုံအလောက်ရရှိအောင် ထုတ်လုပ်ပေးရေး၊ အရည်အသွေးကောင်း၊ အထွက်ကောင်းမျိုးများ ရရှိအောင် စဉ်ဆက်မပြတ် သုတေသနပြုရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်

ရန်ကုန် မေ ၃၁

လွန်ခဲ့သော ၂၄နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့၌ နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ ဒေသအလိုက်နှင့် မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကြို့ပင်ကောက်မြို့တွင် ၄ဒသမ ၈၄လက်မ၊ ထားဝယ်မြို့တွင် ၃ဒသမ၇၈လက်မ၊ သိမ်ဇရပ်မြို့တွင် ၃ဒသမ၇၄လက်မ၊ ကော့သောင်းမြို့တွင် ၃ဒသမ ၃၉ လက်မ၊ ပဲခူးမြို့တွင် ၃ဒသမ ၀၇လက်မ၊ သထုံမြို့တွင် ၂ဒသမ ၆၀လက်မ၊ ရေးမြို့တွင် ၂ဒသမ ၄၄လက်မ၊ ပြည်မြို့တွင် ၁ဒသမ၆၅လက်မ၊ ဘားအံမြို့တွင် ၁ဒသမ၅၄လက်မနှင့် တောင်ကြီးမြို့တွင် ၁ဒသမ၁၃လက်မတို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ ကယားပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် ဖြစ်မြဲထက် ၇ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် ဧရာဝတီတိုင်းတို့၌ ဖြစ်မြဲထက် ၉ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အရှေ့အလယ်ပိုင်းနှင့် တောင်ပိုင်းတို့တွင် အများအားဖြင့် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

ဇွန်၁ရက် ညနေအထိ ခန့်မှန်းချက်အရ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်တို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာခိုင်နှုန်း ၈၀ ဖြစ်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လှိုင်းအနည်းငယ်သာရှိပြီး ကျန်မြန်မာ့ပင်လယ်ပြင်၌ လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်အရ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်ကြောင်းသိရသည်။ (မြန်မာ့အလင်း)

✡ *ကျောဖုံးမှ*

လိုက်လံရှင်းလင်း ပြသကြသည်။ ဝန်ကြီးက အလေအလွင့် ဖြစ်မည့် ကျွန်းပင်ကြပ်များ၊ မျောတိုင်များ၊ ပကာသစ်ခွဲသားများစသည့် တန်ဖိုးနိမ့်ပစ္စည်းများမှ တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ်ပြီး ပြည်တွင်းနှင့် ပြည်ပဈေးကွက်များသို့တင်ပို့နိုင်ရေးမှာကြားကာ လိုအပ်သည်များ ဆောင်ရွက်ပေးသည်။

စီမံဆောင်ရွက်

ဆက်လက်၍ စက်ရုံခန်းမ၌ ဖွင့်ပွဲအစီအစဉ်များကို ကျင်းပရာ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက စက်ရုံတည်ဆောက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက်ဝန်ကြီးက သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အကြီးအကဲက အားပေးလျက်ရှိမှု၊ လုပ်ငန်းရှင်များကလည်း ပစ္စည်းအမယ်သစ်များ တီထွင်ကြံဆ ထုတ်လုပ်ရေးနှင့် ပြည်ပဈေးကွက်များ ခိုင်ခိုင်မာမာရရှိရေး စီမံဆောင်ရွက်ရန် လိုအပ်မှုများကို ရှင်းလင်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ် သန္တေပင်ကျေးရွာသို့ရောက်ရှိပြီး စိန်ရတနာဝတ်မှုံကုမ္ပဏီလီမိတက်၏သစ်အခြေခံစက်ရုံဖွင့်ပွဲသို့တက်ရောက်ရာ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ ဦးဆောင်ညွှန်ကြားရေးမှူးဦးဝင်းထွန်းနှင့် ကုမ္ပဏီဥက္ကဋ္ဌ ဦးမျိုးသက်တို့က ဖဲကြိုးဖြတ်၍ စက်ရုံကို ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဝန်ကြီးက စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်စက်ရုံခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ ဦးမျိုးသက်က စက်ရုံတည်ဆောက်မှုနှင့် ကုန်ထုတ်လုပ်ငန်း အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း သစ်လုံးမှ ကုန်ချောပစ္စည်းထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ စက်ရုံမှ ထုတ်လုပ်သည့်ပစ္စည်းများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ စက်ရုံမှ သဘော်အခင်းပြားများ၊ ကြမ်းခင်းပြားများ၊ ပါကေးများနှင့် အဆောက်အအုံ မွမ်းမံအလှဆင်သည့် တန်ဖိုးမြှင့်ကုန်ချောပစ္စည်းများထုတ်လုပ်ပြီး အီတလီ၊ ဂျာမနီ၊ အင်္ဂလန်နှင့် အခြားဥရောပ နိုင်ငံများသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၇ရက်က အထက(၁) သဃ်န်းကျွန်း ကျောင်းခန်းမ၌ ကျင်းပရာ ချို့တဲ့ကျောင်းသားကျောင်းသူများအတွက် အလှူရှင်များက ပညာရေးအထောက်အကူပြုစာရေးကိရိယာများကို မြို့နယ်ဥက္ကဋ္ဌ ဦးစောသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၀၅၂)

မရမ်းကုန်းမြို့နယ်၌ စည်းရုံးရေးအခြေခံသင်တန်းဆင်းပွဲကျင်းပ ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သူရမြင့်မောင် အမှာစကားပြောကြား

ရန်ကုန် မေ ၃၁

မရမ်းကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော စည်းရုံးရေးအခြေခံသင်တန်းအမှတ်စဉ်(၁၉)သင်တန်းဆင်းပွဲကို ယနေ့နံနက်ရနာရီခွဲတွင် အမှတ်(၂)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ဆုရရှိသော သင်တန်းသားသင်တန်းသူများအား ဆုချီးမြှင့်ရာ ဘက်စုံထူးချွန်ဆုရရှိသူ မတင်ဇာလင်းအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ကလည်းကောင်း၊ စာပေထူးချွန်ဆုရ မောင်ရဲဝင်းထွန်းအား ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးမင်းသိန်းကလည်းကောင်း၊ လူထုစကားပြောဘာသာရပ်ပထမဆုရ ဦးတင်ထွန်းအား မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်အုန်းကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

ထို့နောက်သင်တန်းဆင်းလက်မှတ်များကို ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးနေဝင်းက ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ(၂၀၀၅)ကျင်းပ ချမှတ်မည့်ရှေ့လုပ်ငန်းစဉ်များ သဘောတူညီချက်ရယူအတည်ပြုကြောင်း ကြေညာ

ရန်ကုန် မေ ၃၁

ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့အကြိုညီလာခံ(၂၀၀၅)ကို ယနေ့နံနက် ၈နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းအဖွဲ့ နာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်၊ခရိုင်၊မြို့နယ် စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့အသီးသီးမှအမှုဆောင်များ၊ အရန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အကြိုညီလာခံစတင်

ရှေးဦးစွာအကြိုညီလာခံပထမပိုင်းကိုကျင်းပရာ သဘာပတိအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ နာယက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် နယ်မြေခံ တပ်မတော်ဆေးရုံမှ ဗိုလ်ကြီးခိုင်ရွှေဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဗိုလ်ဆုမွန်သော်က လည်းကောင်း ဆောင်ရွက်ကြပြီး အခမ်းအနားမှူးက အကြိုညီလာခံသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၃၂၀ တက်ရောက်၍ တက်ရောက်မှုရာခိုင်နှုန်း ၁၀၀ ရှိသဖြင့် အကြိုညီလာခံအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုညီလာခံ စတင်ကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းက ငွေကျပ်သိန်း၃၀၊မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ လှူဒါန်းငွေကျပ် ၁၀သိန်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်မှ ငွေကျပ်ငါးသိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်ငါးသိန်း၊ တောင်ကြီးခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့က ငွေကျပ် ၁၀သိန်း၊ လွိုင်လင်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ကငွေကျပ် ၁၀သိန်း၊ဌာနဆိုင်ရာများနှင့်လုပ်ငန်းရှင်များက ငွေကျပ်၅၆သိန်း စုစုပေါင်း ငွေကျပ် ၁၂၆ သိန်းကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ်(တောင်ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်က လက်ခံယူပြီး အခမ်းအနားပထမပိုင်းအစီအစဉ်ကို ခေတ္တရပ်နားသည်။

ဆက်လက်ကျင်းပ

ထို့နောက် အကြိုညီလာခံ ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲထွန်းစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယဗိုလ်မှူးကြီးမြင့်တင်၊ ရဲမှူးကြီး သူရတင်လှ၊ ဗိုလ်မှူး သောင်းစိန်(ငြိမ်း)နှင့် ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)တို့က ဆောင်ရွက်ကြသည်။

တင်ပြ

ရှေးဦးစွာ သဘာပတိ ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့် အစီရင်ခံစာကို ဗိုလ်ကြီးခင်ရွှေ(ငြိမ်း)နှင့်ဗိုလ်မှူးသူရသွင်ကိုကို(ငြိမ်း)တို့က တင်ပြကြသည်။

ဆွေးနွေး

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)သို့ တင်သွင်းသည့်အစီရင်ခံစာပါ လုပ်ငန်းကဏ္ဍကြီးငါးရပ်ကိုဆွေးနွေးတင်ပြရာ ဗိုလ်မှူးအောင်မြင့်(ငြိမ်း)က အမျိုးသားနိုင်ငံရေးကဏ္ဍကိုလည်းကောင်း၊ ဗိုလ်မှူးထင်အောင်မြင့်(ငြိမ်း)က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍကိုလည်းကောင်း၊ဗိုလ်မှူးအောင်ဖုန်း(ငြိမ်း)က စီးပွားရေးကဏ္ဍကိုလည်းကောင်း၊ ဗိုလ်မှူးသင်းလွင်(ငြိမ်း)က လူမှုရေးနှင့်သက်သာချောင်ချိရေး လုပ်ငန်းကဏ္ဍကိုလည်းကောင်း၊ ဗိုလ်ကြီးအမ်လှသောင်း(ငြိမ်း)က ပြည်သူ့အကျိုးပြုလုပ်ငန်းကဏ္ဍကို လည်းကောင်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

အတည်ပြု

ထို့နောက် ရှမ်းပြည်နယ်(တောင်ပိုင်း)စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅)က ချမှတ်မည့် ရှေ့လုပ်ငန်းစဉ် ငါးရပ်၊ ဆုံးဖြတ်ချက်သုံးရပ်၊ အတည်ပြုခြင်းတစ်ရပ်နှင့် မှတ်တမ်းတင်ခြင်း ခြောက်ရပ်တို့ကို သဘာပတိက ညီလာခံကိုယ်စားလှယ်များ၏သဘောတူညီချက်ကို ရယူကာ အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး ကြွေးကြော်သံများဖြင့် အကြိုညီလာခံကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၅ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar)နှင့်အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေးအပ်လှူဒါန်း

ဗိုလ်လုပွဲအပြီးတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သို့ အလှူငွေများပေးအပ်ပွဲကို ကျင်းပရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဒေါက်တာဇော်ထွန်းက အလှူငွေကျပ်သိန်း၂၀ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြပြီး မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က လက်ခံသည်။

ဆက်လက်၍ဆုပေးပွဲကိုကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဥပဒေအကြံပေးပုဂ္ဂိုလ် ဦးညီညီက (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော မြို့တော်စည်ပင်အသင်း၊ ဒုတိယရရှိသော Winner (A) အသင်းတို့အားလည်းကောင်း၊ အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသောင်းတင်က ပူးတွဲတတိယရရှိကြသော Winner (B) အသင်းနှင့် ချန်ပီယံအသင်းတို့အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆုများချီးမြှင့်

ယင်းနောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက (က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် ပထမရရှိသော သစ်တောအသင်း၊ ဒုတိယရရှိသော မြို့တော်စည်ပင်အသင်းနှင့် အမှတ်(၁)စက်မှု အသင်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက ရန်ကုန်တောင်ပိုင်းခရိုင်မှ ပြိုင်ပွဲဝင် ခရမ်းအသင်းအား အမှတ်တရလက်ဆောင်ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့်အိန္ဒိယတပ်မတော် ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို ယနေ့ညနေ၄နာရီတွင် ရန်ကုန်မြို့ သဃ်ာန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ကျင်းပရာ တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မတော်ဘောလုံးကော်မတီဥက္ကဋ္ဌ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် တပ်မတော်အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စစ်သံမှူးများ နာယက လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စစ်သံမှူးဦးဆောင်သော နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသူများ၊ အားကစားပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ပြိုင်ပွဲမစတင်မီ နှစ်ဖက်သောဘော်လီဘောအသင်းများမှ အားကစားသမားများ ကွင်းအတွင်းနေရာယူကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်သည် ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘော်လီဘောအသင်းနှင့် အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းတို့မှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အပြန်အလှန်လဲလှယ်

ဆက်လက်၍ နှစ်ဖက်သောဘော်လီဘောအသင်းမှ အသင်းခေါင်းဆောင်များက အမှတ်တရအလံများ လဲလှယ်ကြပြီး နှစ်ဖက်အားကစားသမားများက အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်နှုတ်ဆက်ကြသည်။

ယင်းနောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘော်လီဘောအသင်းနှင့် အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းတို့၏ ချစ်ကြည်ရေးဘော်လီဘောပြိုင်ပွဲကို ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် တပ်မတော်ဘော်လီဘောကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်က အိန္ဒိယတပ်မတော်ဘော်လီဘောအသင်းအား ချစ်ကြည်ရေးပြိုင်ပွဲ အထိမ်းအမှတ် ချစ်ကြည်ရေးဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

✻ ကျောဖုံးမှ

ရှေးဦး ပျူခေတ်လက်ရာပစ္စည်းများ ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

မိုင်းမောမြို့ဟောင်းသည် ခရစ်နှစ်မတိုင်မီပေါ်ထွန်းခဲ့သော ပျူခေတ်၏ အစောဆုံးမြို့တော်ဟောင်းများအနက် တစ်ခုဖြစ်ပြီး မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့ရာ ဒေသဖြစ်သည်။ ယခင်က မိုင်းမော မြို့ဟောင်း၌ ပျူခေတ် ငွေဗုဒ္ဓဆင်းတုတော်တစ်ဆူကိုသာ တူးဖော်တွေ့ရှိခဲ့ရဖူးပြီး၊ ယခုအကြိမ်တွေ့ရှိရခြင်းသည် အရေအတွက်အများဆုံးနှင့် အနုပညာလက်ရာမြောက်သော ဗုဒ္ဓရုပ်ပွားတော်များ ဖြစ်ကြောင်း ဆန်းစစ်တွေ့ရှိရသည်။ ဗုဒ္ဓရုပ်ပွားတော်လက်ရာများနှင့် ပလ္လင်တံကဲ ပန်းလက်ရာများမှာ ဟန်လင်း၊ သရေခေတ္တရာ ပျူလက်ရာများနှင့် နီးနီးစပ်စပ် ဆင်တူမှုရှိကြောင်း လေ့လာတွေ့ရှိရသည်။

သမိုင်းအထောက်အထား

ယခုတွေ့ရှိရသော အလွန်တန်ဖိုးရှိလှသည့် ရှေးဟောင်းအမွေအနှစ် အထောက်အထားများအရ ပျူခေတ် ဦးမှာပင် မြန်မာနိုင်ငံ ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့ကြောင်း၊ ရွှေပြားခတ်၊ ရွှေဖောင်းကြွ၊ ငွေပြားခတ်၊ ငွေဖောင်းကြွ အပါအဝင် ရွှေပန်းထိမ်၊ ငွေပန်းထိမ်ပညာတို့၌ အလွန်ပင် လက်ရာပြောင်မြောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။ ထို့ပြင်သာမက တကောင်း၊ ဟန်လင်း၊ ဗိဿနိုးနှင့် သရေခေတ္တရာ ရှေးဟောင်းပျူမြို့တော်များနှင့် မြို့ပြယဉ်ကျေးမှု ဆက်နွယ်မှုရှိခဲ့ကြောင်း၊ ဗုဒ္ဓသာသနာတော် ထွန်းကားခဲ့ကြောင်း ခိုင်မာသော သမိုင်းအထောက်အထားပင်ဖြစ်သည်။

ထိုက်တန်စွာ

အဖိုးတန် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများအား မတော်တဆတိုက်ဆိုင်တွေ့ရှိပြီး အမျိုးသားရေး တာဝန်သိစွာဖြင့် သက်ဆိုင်ရာဌာနသို့ အပ်နှံခဲ့သူ ဦးတင်မြင့်အား ယဉ်ကျေးမှုဝန်ကြီးဌာနက ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မေ ၃၁ရက်က ပြည်နယ်နှင့်တိုင်းအသီးသီးရှိ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသူ ၄၅၀တို့ အဖွဲ့၁၀ဖွဲ့ခွဲ၍ ရန်ကုန်မြို့ပေါ်ရှိ ဆေးရုံကြီးများ၌ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုလေ့လာကြရာ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ဘားအံမြို့ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်နှင့် သူနာပြုအုပ်ဒေါ်ခင်တီတို့က လိုက်လံရှင်းလင်းပြသစဉ်။
(သတင်းစဉ်)

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့သည့် (၁၅)နှစ်မြောက် နှစ်ပတ်လည် သုံးသပ်တင်ပြချက်

၁၉၉၀ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို တပ်မတော်အစိုးရက နိုင်ငံနှင့်အဝန်း တရားမျှတသန့်ရှင်းစွာ ကျင်းပပေးခဲ့ပါတယ်။ ထိုစဉ်က ပြည်သူလူထုအများစုက မြန်မာ့လူ့အဖွဲ့အစည်း ဒီမိုကရေစီစခန်းသို့ ကူးပြောင်းတက်လှမ်းရေး တာဝန်ကို NLD ကိုအား အပ်နှင်းခဲ့ကြပါတယ်။

ယခုလို ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီးခဲ့တဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည်မှာ

(၁) NLD ပါတီအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး တာဝန်ကို ဘယ်အတိုင်းအတာအထိ ကျေပွန်ခဲ့ပြီလဲ၊

(၂) ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဘယ်အတိုင်းအတာအထိ ခရီးပေါက်နေပြီလဲ၊

(၃) ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဝေဒနာပြွမ်းတီးမှု အနည်းဆုံးလမ်းဖြင့် ဘယ်နည်းဘယ်ပုံ ဆက်လက်ဆောင်ရွက်သင့်သလဲ

ဆိုတဲ့ အချက်သုံးခုကို သုံးသပ်တင်ပြသွားပါမယ်။

NLD ပါတီအနေနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး တာဝန်ကို ဘယ်အတိုင်းအတာအထိ ကျေပွန်ခဲ့ပြီလဲ–

ရွေးကောက်ပွဲပြီးခါစ မြန်မာနိုင်ငံ အခြေအနေဟာ ၁၉၈၈ခုနှစ် အရေးအခင်းကြီးကို ဖြတ်သန်းခဲ့ရပြီး တပ်မတော်က နိုင်ငံတော်တာဝန်ယူထားတဲ့ကာလဖြစ်ပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းထားတဲ့ အချိန်လဲဖြစ်တယ်။ ဒီလိုအခြေအနေ အချိန်အခါမျိုးဟာ ဒီမိုကရေစီထွန်းကားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေလဲ တည်ရှိနေကာ ရွေးကောက်ပွဲအနိုင်ရပါတီက ရက်ပိုင်းအတွင်း အစိုးရအဖွဲ့သစ် ဖွဲ့စည်းသွားတဲ့ အခြေအနေ အချိန်အခါနှင့် လုံးဝမတူဘဲ ကွဲပြားခြားနားပါတယ်။

အဲဒီသမိုင်းအခြေအနေ ကွာခြားချက်ကို မသုံးသပ် မဆင်ခြင်ဘဲ NLDပါတီဟာ ဂန္ဒီညီလာခံခေါ်ယူပြီး ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အာဏာလွှဲပြောင်းယူဖို့ ကြိုးပမ်းခဲ့ပါတယ်။ ဒီဆောင်ရွက်ချက်အပေါ် တည်ဆဲတပ်မတော်အစိုးရက အမိန့်အမှတ် ၁/၉၀ ထုတ်ပြန်ပြီး ခိုင်မာတဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ရေးဆွဲရေးကိုသာ ပထမခြေလှမ်းအဖြစ် ဆောင်ရွက်ကြဖို့ နိုင်ငံရေးပါတီများကို သတိပေးနှိုးဆော်ခဲ့ပါတယ်။ ဒီအခါမှာ NLDခေါင်းဆောင်တစ်စုဟာ ပြန်လည်သတိသက်ဝင်ပြီး (၁/၉၀)ကို လိုက်နာဖို့ သဘောတူခဲ့ကြပါတယ်။

တပ်မတော်အစိုးရဘက်ကလဲ ၁၉၉၃ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်တစ်ရပ်ရေးဆွဲဖို့အတွက် ရွေးကောက်ပွဲအနိုင်ရပါတီများ၊ လူထုလူတန်းစား ကိုယ်စားလှယ်များစုံညီနဲ့ အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပပေးခဲ့ပါတယ်။

တပ်မတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့အနာဂတ်အရေးကို မျှော်တွေးပြီး ညီလာခံလုပ်ထုံးလုပ်နည်းပိုင်းမှာ အထူးသတိကြီးစွာထားပြီး တင်းကျပ်ခဲ့ပေမယ့် ညီလာခံမှာရေးဆွဲမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခြေခံရမယ့်မူများ ချမှတ်ရာမှာတော့ (၁)နိုင်ငံတော်အာဏာကို အကြွင်းမဲ့ဆုပ်ကိုင်မထားဘဲ ပြည်သူလူထု ကိုယ်စားလှယ်က ၇၅ ရာခိုင်နှုန်းရယူပြီး တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းသာပေးဖို့ အဆိုပြုခဲ့တယ်။ (၂) စစ်မှန်တဲ့ ပြည်ထောင်စုစနစ် ပေါ်ပေါက်ရေးနဲ့အကျုံးဝင်တဲ့ ပြည်နယ်နှင့်တိုင်း (တိုင်းဒေသကြီး)များမှာ ဥပဒေပြုလွှတ်တော်တွေ ထူထောင်ခွင့်ကိုလဲ အဆိုပြုခဲ့တာတွေ့ရပါတယ်။

NLD ပါတီဟာအမျိုးသားညီလာခံကို ထိုစဉ်က တက်ရောက်ဆွေးနွေးခဲ့ပေမယ့် အထက်ဖော်ပြပါ တပ်မတော်အစိုးရဘက်က စေ့စပ်ရေးအဆိုပြုချက်နှစ်ရပ်ကို လက်မခံ ငြင်းပယ်ခဲ့ပါတယ်။ အဆိုပါ အချက်နှစ်ရပ်ကို စေ့စပ်အပေးအယူလုပ်ရမယ့်အစား ရွေးကောက်ပွဲအနိုင်ရကိုယ်စားလှယ်များက အာဏာပိုင်စိုးရေးဆိုတဲ့ မစေ့စပ်ရေးသဘောထားကိုသာ ညီလာခံမှာ တင်ပြခဲ့ပါတယ်။ နေအိမ်မှာ ကန့်သတ်ထားရာကနေ ပြန်လည်ခွင့်ပြုလိုက်ပြီးတဲ့နောက်မှာ ဒေါ်စုကြည်ဟာ NLDကိုယ်စားလှယ်များကို ညီလာခံမှ ထွက်ခွာဖို့ တစ်ချက်လွှတ်အမိန့် ထုတ်ခဲ့ပါတယ်။ အဲ့ဒီတုန်းက ညီလာခံရဲ့ပုံသဏ္ဌာန်လုပ်ထုံးလုပ်နည်းတွေကိုသာမကြည့်ဘဲ ရေးဆွဲပြဋ္ဌာန်းချက်အနှစ်သာရကိုလဲကြည့်ဖို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးရဲ့ တင်ပြချက်အပေါ် Content(အခြေခံမူတွေ)ကို မကြည့်နဲ့၊ Form (လုပ်ထုံးလုပ်နည်း)ကိုပဲကြည့်လို့ ဒေါ်စုကြည်က တစ်လမ်းသွား စကားကိုသာ ပြောကြားခဲ့ပါတယ်။ ဒီအချက်ကို ထောက်ချင့်ရင် ထိုစဉ်က NLD ခေါင်းဆောင်တစ်စုဟာ အမျိုးသားညီလာခံကို စေ့စပ်အပေးအယူလုပ်ရေးစင်မြင့်အဖြစ် သဘောမထားဘဲ အကုန်ရရင်ရ၊ မရရင် ဘာမှမလိုချင်ဘူးဆိုတဲ့ ရပ်တည်ချက်သာရှိခဲ့တာ ထင်ရှားပါတယ်။

ဒေါ်စုကြည် ဒုတိယအကြိမ်နေအိမ်မှာ ကန့်သတ်ထားရာက ပြန်လွတ်လာပြီးစ စေ့စပ်ဆွေးနွေးမှု တာထွက်ကာလမှာ အဆင်ပြေချောမွေ့တဲ့ အရိပ်လက္ခဏာတွေ တွေ့လာရပါတယ်။ သို့ပေမယ့် NLDခေါင်းဆောင်တစ်စုအနေနဲ့ ဒီအခြေခံကောင်းကို ပိုမိုတိုးချဲ့မှု မပြုနိုင်ဘဲ ပြည်ပကစီးပွားရေးပိတ်ဆို့အကျပ်ကိုင်ရေးမှုကို ဆက်လက်

မျိုးမြတ်

ကိုင်စွဲဖို့ လူသိရှင်ကြားပြောဆို လှုံ့ဆော်လာပြန်တဲ့အတွက် NLDရဲ့ စည်းရုံးရေးခရီးစဉ်ဟာ လှုံ့ဆော်ရေးခရီးစဉ်ပမာဖြစ်လာပြီး တဖြည်းဖြည်း ထိပ်တိုက်ရင်ဆိုင်မှု တိုးလုပ်လာတာကြောင့် နောက်ဆုံး ဒီပဲယင်း ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေါ်စုကြည်လဲ နေအိမ်မှာ ကန့်သတ်အထားခံရတဲ့ဘဝ ပြန်ရောက်သွားပြီး ပါတီရုံးတွေပိတ်ထားခြင်း ခံရပြန်ပါတော့တယ်။

အချုပ်အားဖြင့်တင်ပြရလျှင် NLD ခေါင်းဆောင်တစ်စုဟာ မိမိတို့ထမ်းဆောင်ရမယ့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတာဝန်ရဲ့ သဘောသဘာဝနဲ့ အတိုင်းအတာကို ယခုအချိန်အထိ ပီပြင်ပြတ်သားစွာ ခင်းကျင်းအကောင်အထည်ဖော်နိုင်စွမ်းမရှိသေးတာကို တွေ့ရပါတယ်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဘယ်အတိုင်းအတာအထိ ခရီးပေါက်နေပြီလဲ–

အထက်မှာတင်ပြခဲ့တဲ့အတိုင်း **တပ်မတော်အစိုးရဘက်မှ စေ့စပ်ရေး ကမ်းလှမ်းချက်တွေအပေါ် NLD ပါတီဘက်မှ တုံ့ပြန်စေ့စပ်အပေးအယူလုပ်မှု တစ်စုံတစ်ရာမရှိခဲ့လေတော့ ၁၉၉၃ ခုနှစ်က စတင်ခဲ့တဲ့ အမျိုးသားညီလာခံဟာ ၁၉၉၆ မှာ ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့ရပြီး ၂၀၀၃ ခုနှစ်မှာ ဒီမိုကရေစီနိုင်ငံ ထူထောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တပ်မတော်အစိုးရဘက်မှ ကြေညာလာခဲ့ပြန်ပါတယ်။ အမျိုးသားညီလာခံ ပြန်လည်ကျင်းပရာမှာတက်ရောက်ဖို့ NLDသို့ ဖိတ်ကြားရာမှာ ညီလာခံကိုယ်စားလှယ် လွတ်လပ်စွာရွေးချယ်ခွင့်နဲ့ဆွေးနွေးပြီး အခြေခံမူများ ပြန်လည်ဆွေးနွေးခွင့်တွေမှာ သဘောတူညီမှုရပေမယ့် ဒေါ်စုကြည်နဲ့ ဦးတင်ဦးလွှတ်ပေးရေး၊ ပါတီရုံးတွေ ဖွင့်ပေးရေး နှစ်ချက်ကို ခေတ္တဆိုင်းငံ့ဖို့ ပြောတာကို လက်မခံဘဲ NLDပါတီဟာ ညီလာခံကို တက်ရောက်မှု မပြုခဲ့ကြတော့ပါ။**

စီးပွားရေးနယ်ပယ်မှာလဲ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး (တစ်နည်းဆိုရလျှင်)ဈေးကွက်စီးပွားရေးစနစ်ရှင်သန်ဖွံ့ဖြိုးရေးမှာလဲ ပြည်ပနိုင်ငံကြီးအချို့က မြန်မာနိုင်ငံကို အထီးကျန်ဖြစ်အောင် ပိတ်ဆို့အကျပ်ကိုင်မှုတွေကြောင့် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများရဲ့ အားပေးကူညီမှုတွေ မရတော့ပါ။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ရပ်အနေနဲ့ ကိုယ့်အားကိုယ်ကိုးကြိုးပမ်းရမှုမှတစ်ဆင့် ပြည်တွင်းဖူလုံရေး အဓိကစီးပွားရေး လမ်းစဉ်တွေကို ဦးစားပေးဆောင်ရွက်ခဲ့ရတဲ့ ကမ္ဘာ့ဈေးကွက်နဲ့ ပိုမိုကင်းကွာလာစေပါတော့တယ်။ ဒါရဲ့ မရှောင်သာတဲ့ အကျိုးဆက်အဖြစ် ပြည်သူလူထုရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကို နှေးကွေးသွားစေခဲ့ပါတယ်။

ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကို ဝေဒနာပြွမ်းတီးမှု အနည်းဆုံးလမ်းဖြင့် ဘယ်နည်းဘယ်ပုံ ဆက်လက်ဆောင်ရွက်သင့်သလဲ–

NLDဘက်က တွေ့ဆုံဆွေးနွေးဖို့ကမ်းလှမ်းပေမယ့် အစိုးရဘက်က မဆွေးနွေးပါလို့ NLD ပါတီက ပြောလေ့ရှိပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ သဘာဝယုတ္တိဖြစ်စဉ်တွေအရ တပ်မတော်အစိုးရဘက်မှ အလျှော့ပေးခဲ့တာတွေကို အထင်အရှားတွေ့နေရပြီး NLD ဘက်မှ စေ့စပ်ရေးအဆိုပြုချက်ရယ်လို့ မတွေ့ရသေးပါ။

ဆွေးနွေးပွဲဝိုင်းကိုရောက်ရင် ပြောမှာပါလို့လဲ NLDပါတီက ပြောပါသေးတယ်။ ဆွေးနွေးဖို့တောင်းဆိုပေမယ့် တစ်ဖက်က စီးပွားရေးအကျပ်ကိုင် လည်မျိုညှစ်ရေးသဘောထားတွေ လုပ်ဆောင်နေရင်လဲ 'မလာလိုရင် ခရီးဝေး'ဆိုသလိုမျိုး ဖြစ်နေပါလိမ့်ဦးမယ်။

ပြီးခဲ့တဲ့ မေလ ၇ ရက်နေ့ အကြမ်းဖက် ဗုံးဖောက်ခွဲမှုမျိုး မကျရောက်စေဖို့အတွက် အမျိုးသားရေးအန္တရာယ်အဖြစ် စုပေါင်းကာကွယ်ကြဖို့ အစိုးရတာဝန်ရှိသူ ပုဂ္ဂိုလ်များက ကျောင်းသားခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးလာတယ်ဆိုတဲ့ အပြုသဘောဆောင်တဲ့ ဆက်ဆံရေးကို ကြားရပါတယ်။ တစ်ချိန်တုန်းက အာဇာနည်ခေါင်းဆောင်ကြီးတွေ လုပ်ကြံခံရချိန်မှာ ဖဆပလနဲ့ ကွန်မြူနစ်ပါတီတို့ ညီညွတ်ရေးယူပြီး ပြည်ပ ပယောဂအန္တရာယ်ကို တွန်းလှန်ဖယ်ရှားဖို့ ဆွေးနွေးစေ့စပ်ခဲ့တာတွေကိုလဲ ပြန်ပြောင်းသတိရမိပါတယ်။

ရုပ်ဖျက်လာတဲ့ကောင်းချီးသြဘာ (The blessing in disguise)ဆိုတာလိုပဲ NLD အပါအဝင် **အမျိုးသားနိုင်ငံရေးအင်အားစု အားလုံးတို့ဟာ တပ်မတော်အစိုးရဘက်က စေ့စပ်လိုက်လျောမှုပြုနေတဲ့အချက်တွေကို ဓမ္မဓိဋ္ဌာန်ကျစွာ သဘောပေါက်လက်ခံပြီး ဝါဒစွဲ၊ ဆန္ဒစွဲ၊ ငါစွဲတွေ ဖြုတ်ကာ အမျိုးသားရေး အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်ဖို့ အချိန်တန်ရုံသာမက အချိန်လွန်လို့ပင် နေပါပြီ**လို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးခဲ့တဲ့ (၁၅)နှစ်မြောက် နှစ်ပတ်လည် အခါသမယမှာ အကြံပြုလိုက်ရပါတယ်။ ။

အမျိုးသားနိုင်ငံရေး အင်အားစုအားလုံးတို့ဟာ တပ်မတော်အစိုးရဘက်က စေ့စပ်လိုက်လျောမှုပြုနေတဲ့အချက်တွေကို ဓမ္မဓိဋ္ဌာန်ကျစွာ သဘောပေါက်လက်ခံပြီး ဝါဒစွဲ၊ ဆန္ဒစွဲ၊ ငါစွဲတွေဖြုတ်ကာ အမျိုးသားရေး အကျိုးစီးပွားကိုသာ ရှေးရှုဆောင်ရွက်ဖို့ အချိန်တန်ရုံသာမက အချိန်လွန်လို့ပင် နေပါပြီ။

1-6 (10) 1 3/24/05, 6:02 PM

ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာန ဗဟိုကျန်းမာရေး ပညာဌာနနှင့် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်း၍ လစဉ်ပုံမှန် ကျန်းမာရေးဆိုင်ရာ စာတမ်းဖတ်ပွဲကို မေ ၂၆ ရက် မွန်းလွဲ၂နာရီက စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ အမျိုးသားကျန်းမာရေး ပြတိုက်၌ ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ဗဟိုကျန်းမာရေးပညာဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်လွင်က အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတကာအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းတစ်ခု ဖြစ်သည့် Partner အဖွဲ့မှ ဦးကျင်ခန့်လျံနှင့် အဖွဲ့ခေါင်းဆောင် U Ral Marjoric တို့က ကျောင်းများ၌ ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံအိမ်သာ ဆောက်လုပ်ရေးနှင့် HIV/ AIDS ကူးစက်ရောဂါ တားဆီးကာကွယ်ရေး လုပ်ငန်းများ၌ ပံ့ပိုးဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် စာတမ်းများကို ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

စာတမ်းဖတ်ပွဲကို ဇွန် ၂၄ ရက် တွင် ပြန်လည်ကျင်းပသွားမည်ဖြစ် ရာ အဆိုပါစာတမ်းဖတ်ပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် မြင့်သိန်း– ဇနီး ဒေါ်မြသန်း မိသားစုက ဓီဝိတဒါန သံဃာ့ ဆေးရုံကြီးသို့ ထာဝရဆွမ်း ပဒေသာပင်အတွက် ငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၂) ဦးညွန့် လက်ခံရယူစဉ်။ (က–ပ)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ပခုက္ကူ မေ ၂၃

ပခုက္ကူမြို့နယ် ကွန်းရွာကျေးရွာအုပ်စုရှိ (ရေလယ်သောင်၊ အရှေ့မြင်းကျွန်း၊ လေးလံကျွန်း)ကျေးရွာများ၏ ဘဝမီးအိမ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ၂၁ရက် နံနက်၁၀ နာရီက အရှေ့မြင်းကျွန်းကျေးရွာအမက(၁၆၂)ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးဝင်းဖေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှင်းလင်း ပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသော သုတ၊ ရသ စာအုပ်မျိုးစုံကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်တာဝန်ခံ ဦးမြင့်ငြိမ်းက လက်ခံရယူပြီး ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။ **(၄၁၃)**

မြင်းခြံခရိုင်ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

မြင်းခြံ မေ ၁၅

မြင်းခြံခရိုင် ကျန်းမာရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၅) ကိုမေ၂၉ရက်က မြင်းခြံမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးရှိ အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ထွန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင် ကျန်းမာရေး ဦးစီး ဌာနမှူး ဒေါက်တာ မောင်မောင်လှက ခရိုင်ကျန်းမာရေးကော်မတီ၏ လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ငါးမြို့နယ် ဥက္ကဋ္ဌများနှင့် မြို့နယ် ကျန်းမာရေး ဦးစီးဌာန မှူးများက မိမိတို့ မြို့နယ် အလိုက် ကျန်းမာရေး လုပ်ငန်း ဆောင်ရွက်မှု များကို တင်ပြကြရာ ခရိုင် ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ထွန်းဝင်းက လို အပ် သည် များ ကို ဆွေးနွေး မှာကြား ကြောင်းသိရသည်။ (၄၀၂)

မော်လိုက်မြို့နယ်ကြက်ခြေနီအသင်း ကြီးမှူး အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်းဆင်း

မော်လိုက် မေ ၂၇

မော်လိုက်မြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၁ ရက်နံနက် ၉ နာရီက မော်လိုက်မြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရေးစုံညီခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မော်လိုက်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးစိန်လှမောင်နှင့် မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးကျော်ရင်တို့ကအမှာစကား ပြောကြားကြသည်။

ထို့နောက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးစိန်လှမောင်က စစ်ရေးပြထူးချွန်ဆုများချီးမြှင့်ရာ ပထမ မောင်ရှင်းသန့်ထွေး၊ ဒုတိယ မဝတ်ရည်လှိုင်၊ တတိယ မောင်ထက်အောင်လင်း၊ အထူးဆု မောင်စည်သူလတ်တို့ကလက်ခံရယူကြသည်။

လက်ခံရယူ

ဆက်လက်၍ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁)ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းလှိုင်က အခြေခံ ရှေးဦးသူနာပြုစုခြင်းတွင် ထူးချွန်ဆုများ ချီးမြှင့်ရာ ပထမ မောင်သန့်ဇော်အောင်၊ ဒုတိယ မောင်ဝင်းမင်းလတ် ၊ တတိယ မောင်ခန့်မြတ်ထွန်း၊ အထူးဆု မောင်ထွန်းလင်းသော်နှင့် မသန်းသန်းရှိန်တို့က လက်ခံရယူကြသည်။

သင်တန်းဆင်းလက်မှတ်ပေး

ဆက်လက်၍ မြို့နယ်ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဦးကျော်ရင်က သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ရာသင်တန်းသားခေါင်းဆောင် မောင်ထွန်းထွန်းက လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီ မြို့တွင်းမြို့ပြင်လမ်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၉ ရက်က ရေမြောင်းများ နုန်း၊ သဲ၊ အမှိုက်ဆယ်ယူရှင်းလင်းရေး လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (ဝ၆၁)

မေ ၁၇ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ သရက်မြို့တွင်း ရုံးကြီးလမ်း၌ လမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်ရာ စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးဆယ်မောင်နှင့် အငယ်တန်းအင်ဂျင်နီယာ ဒေါ်ခင်မာမာဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မဏိရတနာစိုက်ပျိုးထုတ်လုပ်ရေးသမအသင်းစု အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်စည်းဝေး

ကျောက်တော် မေ ၂၂

ကျောက်တော်မြို့ မဏိရတနာစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းစု လီမိတက်၏ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို မေ၁၄ရက် မွန်းလွဲ ၁နာရီခွဲက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောမောင်နှင့် တာဝန်ရှိသူများ၊ အသင်းစုဥက္ကဋ္ဌ ဦးကျော်ဦးသာနှင့် ဒါရိုက်တာ အဖွဲ့ဝင်များ၊ အသင်းစုကိုယ်စားလှယ်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အသင်းအဖွဲ့ဝင် ဦးစိန်ထွန်းကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်း အစီရင်ခံစာကို စာရင်းစစ် ဦးအောင်သိန်းက လည်းကောင်း ရှင်းလင်းတင်ပြသည်။ ထို့နောက် သဘာပတိက တက်ရောက်လာကြသော အသင်းစုကိုယ်စားလှယ်များ၏ ဆန္ဒရယူကာ အတည်ပြုကြောင်း ကြေညာပြီး လစ်လပ်နေသောအမှုဆောင်နှစ်ဦးနေရာတွင် ပန်းရွှေမြိုင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ဦးမောင်ဖိုးစိန်နှင့် သဇင်မြိုင် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ ဦးသာလှအောင်တို့အား ရွေးချယ်တင်မြှောက်ကြသည်။ **(မြို့နယ် စည်ပင်)**

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ ရှိပါသည်။
- (က) ဝမ်းပျက်၊ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊
- (ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊
- (ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ–
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါ်လာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊
- (ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊
- (ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊
- (စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ခ) ယင်နားစာများကို မဆင်မခြင် စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဃ) မိမိတို့ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
- (စ) ရေကို ကျိုချက်၍သောက်ပါ၊
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊
- (ဇ) ရာသီဥတု၊ အပူအအေး အပြောင်းအလဲကို သတိရှိပါ၊
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်း ဆောင်ရွက်ပါ၊
- (ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေး ဌာနသို့ အမြန်ဆုံး သတင်းပို့ပါ၊
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီ သွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မဒေါက်မြို့တွင် ရေလယ်ကျွန်းရွှေဘုန်းပွင့်စေတီ ထီးတော်သစ်တင်လှူ

မဒေါက် မေ ၂၅

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာတွင် တည်ထားကိုးကွယ်သော ရေလယ်ကျွန်းရွှေဘုန်းပွင့် ပြည်တော်အေးဆုတောင်းပြည့် စေတီတော်တွင် ထီးတော်သစ်တင်လှူ ပူဇော်ပွဲ အခမ်းအနားကို မေ ၁၉ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့ သုဝဏ္ဏနေ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝနှင့် ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့မှ အလှူရှင်များနှင့် ကျေးရွာ စေတနာရှင်များ စုပေါင်း၍ နံနက် ၇နာရီ မိနစ်၂၀တွင် ထီးတော်သစ်တင်လှူ ပူဇော်ကြကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ် အစီအစဉ်ဖြင့် ပြည်နယ်၊တိုင်းအနှံ့ စက်ဘီးဖြင့် တစ်ကိုယ်တော် ခရီးရှည်စီးနင်း၍ သုံးခွမြို့နယ်သို့ ဖြတ်သန်း ရောက်ရှိလာသော တာချီလိတ်ခရိုင် ခွန်အားမာန်သုခ ချမ်းသာ စက်ဘီးကလပ်မှ ဦးမျိုးမြင့်(နည်းပြ) အသက်(၆၀)အား ဂုဏ်ပြုပွဲကို မေ ၂၃ ရက်က သုံးခွမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရုံးခန်းတွင်ကျင်းပရာ စေတနာရှင်နှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်း အဖွဲ့မှ လှူဒါန်းငွေကျပ် ၅၁၀၀၀ ကို သုံးခွမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင် ဦးညွန့်ရွှေက ပေးအပ်စဉ်။ (၁၃၇)

ကလေးမြို့တွင် သစ်ပင်ပျိုးပွဲတော်ကျင်းပ

ကလေး မေ ၁၅

ကလေးခရိုင်သစ်တောဦးစီးဌာန၏ သစ်ပင်ပျိုးပွဲတော်ကို ကလေးမြို့နယ် သစ်တောဦးစီးဌာနရုံးဝင်းအတွင်း၌ မေ ၈ရက်နံနက် ၇ နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့် တက်ရောက်အားပေးသည်။ (အပေါ်ပုံ)

အဆိုပါ သစ်ပင်ပျိုးပွဲတော်တွင် စကားဝါ၊ သစ်ဆိမ့်၊ မဲဇလီ၊ စိန်ပန်းကြီး၊ မလေးရှားပိတောက်နှင့် ငုရွှေဝါ စသည့် ပျိုးပင်ပေါင်း ၃၉၀၀၀ကျော်ကို ပျိုးခင်းတွင်ပျိုးခဲ့ကြရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဆက်နှင့် မြို့နယ်မှူး ဦးမင်းမောင်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ သစ်တော ဦးစီးဌာနဝန်ထမ်းများ စုပေါင်းဆောင် ရွက်ကြပြီး ရှုလိုင်ပထမပတ်တွင် ကလေးမြို့၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးအတွက် ပြည်သူများပါဝင် ၍ စိုက်ပျိုးသွားကြရန်စီစဉ်ထားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၆ရက် က ကျင်းပရာ မိုင်းဖြတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့် ကျိုင်းတုံခရိုင် အခွန်ဦးစီးမှူး ဦးမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ခရိုင်ပြန်/ဆက်)

မြိတ်မြို့တွင် ညောင်ရေသွန်းပွဲတော်ကျင်းပ

မြိတ် မေ ၂၇

မြိတ်မြို့စန္ဒဝတီကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သော မဟာသိဒ္ဓိဇယစေတီ မဟာဗောဓိညောင်ပင်တွင် ညောင်ရေသွန်းပွဲတော် အခမ်းအနားကို မေ ၂၂ရက် နံနက် ၆နာရီက စန္ဒဝတီကုန်းတော်ပေါ်ရှိ အမရဝတီ သာသနာ့ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ကန်သာကျောင်းဆရာတော် မဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တဝိမလအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘာသာရေးအဖွဲ့နှင့် လူမှုရေးအသင်း အဖွဲ့များမှ အသင်းဝင်များ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကန်သာကျောင်းဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်နှင့် အလှူရှင်များက ဆရာတော် သံဃာတော်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကန်သာကျောင်း ဆရာတော်က အနုမောဒနာတရားချီးမြှင့်တော်မူ၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဝတ်အသင်းများက မဟာသိဒ္ဓိဇယစေတီတော် မဟာဗောဓိညောင်ပင်တွင် ညောင်ရေသွန်းလောင်းကြသည်။ **(မြို့နယ်ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

အာရှဘော့စ်ဘောအဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ ဘော့စ်ဘောအဖွဲ့ချုပ်တို့၏ ဖိတ်ကြားချက်အရ ဆွစ်ဇာလန်နိုင်ငံ လောစင်းမြို့၌ ဇွန် ၂ရက်မှ ၄ ရက်အထိကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဘော့စ်ဘောအဖွဲ့ချုပ်နှင့် အာရှဘော့စ်ဘောအဖွဲ့ချုပ်မှ နှစ်ပတ်လည်ညီလာခံသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဘော့စ်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်မြတ်ဦး(Ginvera)၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနိုင်ဝင်း (Panasonic)နှင့် အထွေထွေ အတွင်းရေးမှူး ဦးစန်းမောင်မြင့်တို့ မေ ၂၉ ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာရာ မြန်မာနိုင်ငံဘော့စ်ဘောအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌဦးအောင်ဆုနှင့် ဦးမြတ်ဦး(ဘောဘီဗိုက်တာ)၊ တွဲဖက်အတွင်းရေးမှူး ဦးခင်စိန်နှင့် အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (က-ပ)

ဓနုဖြူမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံသစ်ဆောက်ရန်ငွေလှူဒါန်း ဆေးတက္ကသိုလ်(၁)ကွင်းဆင်းလေ့လာရေးအဖွဲ့ ဆေးရုံသုံးပစ္စည်းများပေးအပ်

ဓနုဖြူ မေ ၂၃

ဓနုဖြူမြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ မိခင်နှင့်ကလေးကျန်းမာရေးဌာန အဆောက်အအုံသစ်ဆောက်ရန် အလှူငွေပေးအပ်ပွဲနှင့် ဆေးတက္ကသိုလ်(၁)မှ ဆေးကျောင်းသား ကျောင်းသူများ ကွင်းဆင်းလေ့လာရေးအဖွဲ့က ဆေးရုံသုံးဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၁၀ နာရီက ဓနုဖြူမြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆေးတက္ကသိုလ်(၁)မှ ကျောင်းသားကျောင်းသူများ၊ ဆေးရုံကော်မတီဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မိခင်နှင့် ကလေးကျန်းမာရေးဌာန အဆောက်အအုံအတွက် အလှူငွေကျပ်ငါးသိန်း မတည်အလှူရှင် ဓနုဖြူမြို့ (၉) ရပ်ကွက်နေ ဒေါ်ညိမ်းခင်က လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူငွေများပေးအပ်သည်။ **(ဝဲပုံ)**

ဆက်လက်၍ ဆေးတက္ကသိုလ်(၁) ကျောင်းသားကျောင်းသူများက ကွင်းဆင်းလေ့လာခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံများကို ကျောင်းသားတစ်ဦးက ရှင်းလင်းပြောကြားပြီး ဆေးပစ္စည်းများပေးအပ် လှူဒါန်းသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

(ဝဇ၅)

ကျောက်ချောခင်း

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်မောင်း မေ ၁ ရက်က ရွာတော်ကိုယ့်အားကိုယ်ကိုး ကျေးလက်လမ်း ကျောက်ချောခင်းခြင်းကို အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် စည်ပင်)

ရန်ကုန်တိုင်းအမျိုးသမီးဘောလုံးအသင်း အောင်မြင်မှုမြင့်မား ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ၌ ခုနစ်ကြိမ်ဗိုလ်စွဲထား

ရန်ကုန် မေ ၃၁

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်နယ်နှင့်တိုင်း အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ကျင်းပခဲ့ရာ (၁၀)ကြိမ်မြောက်ခဲ့ပြီဖြစ်သည်။ ၂၀၀၅ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲကို မေ ၅ ရက်မှ ၂၀ ရက်အထိကျင်းပခဲ့ရာ နောက်ဆုံးဗိုလ်လုပွဲတွင် ရန်ကုန်တိုင်းအသင်းက ဧရာဝတီတိုင်းအသင်းကို အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ရန်ကုန် တိုင်း အမျိုးသမီးဘောလုံးအသင်းသည် ကျင်းပပြီးစီးခဲ့သည့် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ၁၀ ကြိမ်၌ ခုနစ်ကြိမ်ဗိုလ်စွဲထားရာ အောင်မြင်မှုအရှိဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိသည်။

(၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အသင်းနှင့် ချင်းပြည်နယ်အသင်းတို့ မပါဝင်ဘဲ ၁၄ သင်းယှဉ်ပြိုင်ခဲ့ကြသည်။ ရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအသင်းသည် အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ရာ၌ ကချင်ပြည်နယ် အသင်းကို ငါးဂိုး–ဂိုးမရှိ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းကို ရှစ်ဂိုး–ဂိုးမရှိ၊ တနင်္သာရီတိုင်းအသင်းကို ခြောက်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၀၅ ခုနှစ် (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး (အလွတ်တန်း)ဘောလုံးပြိုင်ပွဲ၌ အနိုင်ရဗိုလ်စွဲခဲ့သော ရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအသင်းအား တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။ (ရန်ကုန်တိုင်း)

ရှုံးကြေးဆပ်နိုင်

ရန်ကုန်တိုင်းအသင်းသည် သုံးပွဲကစား သုံးပွဲနိုင် ကိုးမှတ်ဖြင့် အုပ်စုပထမရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ မန္တလေးတိုင်းအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ အကြိုဗိုလ်လုပွဲစဉ်၌ မွန်ပြည်နယ်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ယမန်နှစ်ဗိုလ်လုပွဲက ရှုံးကြေးကို ဆပ်နိုင်ခဲ့သည်။

နောက်ဆုံးဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဗိုလ်လုပွဲ၏ အကောင်းဆုံးဆုကို ရန်ကုန်တိုင်းအသင်းမှ ယမင်းသီတာလွင်က ရရှိခဲ့သည်။ ရန်ကုန်တိုင်းအသင်းသည် အုပ်စုပွဲစဉ်မှ ဗိုလ်လုပွဲအထိ ခြောက်ပွဲကစားရာတွင် ၂၇ ဂိုးသွင်းယူပြီး တစ်ဂိုးသာ အသွင်းခံခဲ့ရသည်။

အကောင်းဆုံးဆု

ရန်ကုန်တိုင်းအသင်းခေါင်းဆောင် သီတာကြည်သည် ပွဲစဉ်တစ်လျှောက် ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို လည်းကောင်း၊ နောက်တန်းလူ မိုးမိုးထွေးသည် ပွဲစဉ်တစ်လျှောက် နောက်တန်းအကောင်းဆုံးဆုကိုလည်းကောင်း ရရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်ဟောင်း သီတာကြည်သည် အုပ်စုပွဲစဉ်မှ အကြိုဗိုလ်လုပွဲစဉ်အထိ ပွဲစဉ်တိုင်း ဂိုးသွင်းနိုင်ခဲ့ရာ စုစုပေါင်း ၁၂ ဂိုးဖြစ်သည်။ မြန်မာ့လက်ရွေးစင်ဟောင်း သီတာကြည်သည် ရန်ကုန်တိုင်းအသင်း၌ ကိုးကြိမ် ပါဝင်ကစားခဲ့သည်။

ရန်ကုန်တိုင်းအသင်းမှ ပွဲစဉ်တစ်လျှောက် နောက်တန်းအကောင်းဆုံးဆုရရှိခဲ့သော မိုးမိုးထွေးအား မေးမြန်းရာ "ကျွန်မတို့ကစားရတဲ့ အုပ်စုကလေးသင်းအုပ်စုဖြစ်ပြီး အသင်းကောင်းတွေ ပါဝင်ကြတယ်။ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့အားလုံး တောင့်တင်းကြတယ်။ ကွာတားဖိုင်နယ်မှာ မန္တလေးတိုင်း၊ ဆီမီးဖိုင်နယ်မှာ မွန်ပြည်နယ်၊ ဖိုင်နယ်မှာ ဧရာဝတီတိုင်းတို့နဲ့ ကစားခဲ့ရတာဆိုတော့ အစဉ်အလာရှိတဲ့ အသင်းတွေချည်းပဲ၊ ဒီလို **အစအဆုံး ဝိုင်းဝန်းပံ့ပိုး ကူညီခဲ့ကြသူတွေအားလုံးကို ကျေးဇူး အထူးတင်ပါတယ်"**ဟု ပြောကြားသည်။

ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်း အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော ရန်ကုန်တိုင်း အမျိုးသမီး အားကစားအဖွဲ့ ဘောလုံးတာဝန်ခံ ဒေါ်မြတ်မြတ်ဦးအား မေးမြန်းရာတွင် "ကျွန်မအနေနဲ့ ပထမဆုံးအားကစားသမား ညီမငယ်တွေနဲ့ နည်းပြဆရာတွေကို ကျေးဇူးတင် ချီးကျူးစကားပြောချင်ပါတယ်၊ ပြီးတော့ အားကစားသမားတွေ အသင်းကောင်းတွေကို အနိုင်ရပြီး ဗိုလ်စွဲခဲ့တာဖြစ်လို့ ထိုက်တန်တယ်လို့ ခံစားရပါတယ်"ဟု ပြောကြားသည်။

အားပေးမှု

အသင်းခေါင်းဆောင် သီတာကြည်ကလည်း "ကျွန်မတို့ ရန်ကုန်တိုင်းအသင်း အောင်မြင်ခဲ့တာ ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ရဲ့ ထောက်ပံ့မှု၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်တွေရဲ့ အားပေးမှု၊ နည်းပြဆရာတွေရဲ့ သင်ကြားလေ့ကျင့်ပေးမှုနဲ့ အသင်းသားအားလုံး ညီညီညွတ်ညွတ် ကြိုးစားကစားခဲ့ကြတာကြောင့်လည်း ဖြစ်ပါတယ်။ ဒါ့အပြင် အနီးကပ် ကိုယ်ရောစိတ်ပါ အပင်ပန်းခံပြီး စောင့်ရှောက်ခဲ့တဲ့ ရန်ကုန်တိုင်းအသင်း အဖွဲ့ခေါင်းဆောင် ဒေါ်မြတ်မြတ်ဦးရဲ့ စေတနာနဲ့ ပံ့ပိုးကူညီမှုတွေကြောင့်လည်း အောင်မြင်တာဖြစ်ပါတယ်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းအသင်းမှာ ပရိသတ်အားပေးတဲ့အထိ ကစားနိုင်သရွေ့ ပါဝင်ကစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ဝိုင်းဝန်းပံ့ပိုး

နည်းပြချုပ် ဦးဝင်းစိန်ကလည်း **"ကျွန်တော်တို့ အနိုင်ရ ဗိုလ်စွဲတဲ့အတွက် အလွန်ပဲ ဝမ်းသာပါတယ်။ ဒီနှစ်ပြိုင်ဘက်တွေက ပိုပြီးအားကောင်းလာတာ တွေ့ရတယ်၊ တစ်လလောက်ကြိုတင်လေ့ကျင့်မှုရယူခဲ့တာနဲ့ ကစားသမားတွေက နည်းပြဆရာ မှာတဲ့အတိုင်း လိုက်နာပြီး ကြိုးစားကစားခဲ့ကြလို့ အောင်မြင်တာပါ၊ ပြိုင်ပွဲ** အတွက် အင်အားပြည့် အာဟာရတွေ ပံ့ပိုးကူညီပေးတဲ့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဦးဆောင်နာယက ဒေါ်ခင်သက်ဌေး၊ အစစအရာရာ ပံ့ပိုးကူညီပေးကြတဲ့ ရန်ကုန်တိုင်း အုပ်ချုပ်ရေးမှူး ဦးလှစိုး၊ ပွဲစဉ်တိုင်း အင်အားအပြည့်လာရောက်အားပေးတဲ့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနဲ့ တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်တွေ၊ တောင်ဥက္ကလာပ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနဲ့ ရန်ကုန်တိုင်း အားကစားမှူး ဒုတိယညွှန်ကြားရေးမှူး ဦးလှဝင်း၊ ရန်ကုန်တိုင်း ဘောလုံးဆပ်ကော်မတီအဖွဲ့ဝင် ဦးအောင်မော်သိန်း (UPTလျှပ်စစ်)တို့နဲ့ အလှူရှင်တွေ၊ ကျန်းမာရေးအတွက် လိုလေသေးမရှိ ဆောင်ရွက်ပေးခဲ့တဲ့ ဒေါက်တာ ပင်ဒိုရာအောင်ကြီးနဲ့ ဒေါက်တာဒေါ်လေးခိုင်တို့ကို အထူးပဲကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်တိုင်းအသင်း

ချန်ပီယံရန်ကုန်တိုင်း အမျိုးသမီး ဘောလုံးအသင်းကို ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဘောလုံးတာဝန်ခံ ဒေါ်မြတ်မြတ်ဦးက အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူပြီး အုပ်ချုပ်သူအဖြစ် ဒေါ်သိန်းသိန်းဌေး(ဦးစီးအရာရှိ၊ အား/ကာ)၊ နည်းပြချုပ်အဖြစ် ဦးဝင်းစိန် (မြန်မာ့လက်ရွေးစင်ဟောင်း၊ ပို့ဆောင်ရေး)၊ တွဲဖက်နည်းပြအဖြစ် ဦးခင်မောင်မြင့် (တက္ကသိုလ်လက်ရွေးစင်ဟောင်း၊ ပို့ဆောင်ရေး)၊ အကူနည်းပြအဖြစ် ဦးအောင်အောင်ဦး(ရွှေရှမ်းကန်)တို့က ဆောင်ရွက်ကြသည်။

အားကစားသမားများအဖြစ် ဖြူဖြူသင်း(ဂိုး)၊ ငြိမ်းစုဇော်(ဂိုး)၊ မိုးမိုးထွေး၊ မူမူခင်၊ စိမ်းချိုအောင်၊ ခင်ခင်ကြွယ်၊ ရီရီနွယ်၊ စုငြိမ်းအေး၊ ငြိမ်းငြိမ်းအိ၊ မူမူလွင်၊ သီတာကြည်၊ ယမင်းသီတာလွင်၊ မြင့်မြင့်လှိုင်၊ စန်းစန်းမော်ဝင်း၊နှင်းဆီမြင့်၊ ကြည်ကြည်ဆန်း၊ နီလာကြွယ်နှင့် ဇာလီဝင်းတို့ ပါဝင်ခဲ့ကြသည်။ ။ **(မြန်မာ့အလင်း)**

သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကျင်းပ

ရန်ကုန် မေ ၃၁

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၅ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)၊ ဥက္ကဋ္ဌ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာဝင်းဇော်နှင့် အမှုဆောင်များ၊ ကရာတေးဒိုအားကစားဝါသနာရှင်များ တက်ရောက်အားပေး ကြည့်ရှုကြသည်။

ဆုများချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက အသက်(၁၂)နှစ်နှင့်အောက် အမျိုးသမီး (တစ်ဦးချင်း) Gohon Kumiteပြိုင်ပွဲတွင် ပထမရရှိသော အေးသီတာရွှေ (အောင်ဆန်းလေ့ကျင့်ရေးစခန်း)၊ ဒုတိယရရှိသော မေသက်ပိုင်နွယ်(အောင်ဆန်းလေ့ကျင့်ရေးစခန်း)၊ ပူးတွဲတတိယရရှိကြသော ခင်မိုးဦး(သူရဲကောင်း)နှင့် ရတနာဦး (သုဝဏ္ဏလေ့ကျင့်ရေးစခန်း)တို့အား ဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များက အတန်းလိုက်ပြိုင်ပွဲအသီးသီးတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

အတိုးတက်ဆုံး

ထို့နောက် ၂၀၀၅ ခုနှစ် သက်ငယ်တန်းကရာတေးဒိုပြိုင်ပွဲတွင် အတိုးတက်ဆုံး အားကစားသမားများဖြစ်ကြသော ပြေသာကျော်(YMCA)နှင့် ပြည့်ဖြိုးသာထူး (အောင်ဆန်းလေ့ကျင့်ရေးစခန်း)တို့အား မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၃၁ ရက်က ပထမအကြိမ် အာရှ–ဥရောပ လူငယ် အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာလူငယ် ကြက်တောင် အားကစားအဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ (မြန်မာ့အလင်း)

မေ ၃၀ ရက်က ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တော်ဖလား ဘော်လီဘောပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘော အသင်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (မြန်မာ့အလင်း)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဒေါက်တာကျော်ဝင်း–ဒေါ်ခင်ခင်ဝင်း
တို့၏သားကြီး

ဗိုလ်ကြီးဘုန်းပြည့်ကျော်

B.E (Mech:) (D.S.T.A), M.E(Mech:)(Y.T.U), Ph.D(Thesis)

တပ်မတော်(ရေ)

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဦးအောင်သိန်း(တရားရုံးချုပ်ရှေ့နေ)–ဒေါ်မြမြငွေး
တို့၏တစ်ဦးတည်းသောသမီး

မဖြိုးဖြိုးသိဏ်း

B.Sc(Hons), M.Sc(Eng Physics), DA(LCCI), ACCA(Part II)
(PHYO PHYO THEIN LCCI School)

တို့၏ ၂၉–၅–၂၀၀၅ရက် Summit Parkview Hotel၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ အားလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းနှင့်ဇနီး ဒေါ်အေးအေးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ဗိုလ်ချုပ်ပေါ်ထွန်းနှင့်ဇနီး ဒေါ်မိမိသိန်း၊ မင်္ဂလာညှော်ခံပွဲသို့ကြွရောက်ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်ဉာဏ်ထွန်းနှင့်ဇနီး ဗိုလ်မှူးဒေါ်ခင်အေးမြင့်၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့်ဇနီး ဒေါ်ချယ်ရီ၊ မင်္ဂလာလက်စွပ်ဝတ်ဆင်ချီးမြှင့်ပေးသော ဗိုလ်မှူးကြီးဟံစိန်နှင့်ဇနီး ဒေါ်နုနုထွေး၊ ကြွရောက်ချီးမြှင့်ပေးသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာချမ်းငြိမ်း၏ ဇနီး ဒေါက်တာစန္ဒာအောင်၊ ကြွရောက်ချီးမြှင့်ပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့် ဇနီးများ၊ ညှော်ပရိသတ်များ၊ အခမ်းအနားမှူး ဦးကျော်စိုးဦး၊ သတို့သားအရန် ဗိုလ်ကြီးရဲထွဋ်ဝေ၊ သတို့သမီးအရန် မပွင့်စန္ဒာအောင်၊ မင်္ဂလာပန်းကြဲပေးသော မနီလာစော၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မစန္ဒာမြင့်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင်ရတနာဦး၊ ကိုဟန်သိန်း(မြန်မာစာ)တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မိတ်ကပ် ခင်စန်းဝင်း၊ ပန်းအလှပြင် မစန်းစန်းဦး၊ ဗွီဒီယို ကိုအောင်ကျော်ထွန်း(ရုပ်/သံ)၊ ဓာတ်ပုံဝဏ္ဏခွာနီး၊ Summit Parkview Hotelမှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော စစ်ဘက်နယ်ဘက်မှ အရာရှိများ၊ သူငယ်ချင်းများ၊ ဇင်္ဂမလမ်းမိသားစုနှင့် မသန့်သန့်လွင်တို့အားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဘုန်းပြည့်ကျော်–မဖြိုးဖြိုးသိဏ်း။

မောင်မြတ်သူအောင်–

၁၂/တမန(နိုင်)၁၁၅၆၃၉ ညီလေးတို့ မင်္ဂလာကိစ္စအဆင်ပြေအောင် ဆောင်ရွက်ထားသည်။ အမြန်ဆက်သွယ်ပါ။

ဦးဝင်းဖုန်း။

တောင်းပန်လွှာ

၃၁–၅–၂၀၀၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာ(၁၈)ပါ မောင်ရာဇာဝင်းလှိုင်နှင့် မသန္တာအိအိမွန်တို့၏ မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာကြော်ငြာတွင် ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း)၏ ဇနီး ဒေါ်ညွန့်တင်အား ဒေါ်တင်ညွန့်ဟုလည်းကောင်း၊ ဗိုလ်မှူးချုပ်သန်းထွန်း(ငြိမ်း)၏ ဇနီး ဒေါ်ဝင်းဝင်းဒေါင်းအား ဒေါ်ဝါဝါဒေါင်းဟု လည်းကောင်း မှားယွင်းဖော်ပြမိသည့်အတွက် တောင်းပန်အပ်ပါသည်။

မောင်ရာဇာဝင်းလှိုင်–မသန္တာအိအိမွန်။

"လရောင်နမ်းတဲ့အလွှမ်းသစ်ပင်"အမည်ရှိ အဆင့်မြင့်ဗီဒီယိုဇာတ်ကားနှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ အမှတ်၂၅၊ ဒီ–၃၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်ရှိ Belle Myanmar Entertainment ဗီဒီယိုထုတ်လုပ်ရေး၏ ဒါရိုက်တာ ဒေါ်နီနီအောင် မှတ်ပုံတင်အမှတ် ၁၄/မမန(နိုင်)၀၂၅၁၉၉ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

Belle Myanmar Entertainment ဗီဒီယိုထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သော **"လရောင်နမ်းတဲ့အလွှမ်းသစ်ပင်"**အမည်ရှိ အဆင့်မြင့်ဗီဒီယိုဇာတ်ကားသည် မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ဗီဒီယိုပြသခြင်းလုပ်ငန်းလိုင်စင်ရယူထားသည့် ပြသရေးရုံများတွင် အဆင့်မြင့်ဗီဒီယိုဇာတ်ကားအဖြစ် ကိုယ်စားလှယ် လွှဲအပ်ပေးထားသူများကိုသာ တရားဝင်အနေဖြင့် ပြသခွင့်ပြုပြီး၊ ပြသဆဲဖြစ်သောကြောင့် Belle Myanmar Entertainment ဗီဒီယိုထုတ်လုပ်ခြင်းလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ တရားမဝင် ကူးယူ ဖြန့်ချိ ငှားရမ်း ပြသခြင်း၊ လုပ်ဆောင်နေသူများအား ရုပ်မြင်သံကြားနှင့်ဗီဒီယိုထုတ်လုပ်ရေးဥပဒေပုဒ်မအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးအေးသောင်း(တရားရုံးချုပ်ရှေ့နေ)စဉ်–၁၃၄၄
(ဥပဒေအကျိုးဆောင်အဖွဲ့)
B.A(Law),LL.B,D.B.L,B.D.S,D.M.L,D.I.L,(Law Firm)
မဟာဗန္ဓုလပန်းခြံဝင်း၊ ရှုတိုင်းယဉ်ဥပဒေစာအုပ်တိုက်၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်၊ ဖုန်း–၇၀၄၇၃၈

ဒေါ်စိန်စိန်ညွန့်	ဦးမိုးကျော်သူ	ဦးမျိုးဝင်း	ဒေါ်ကေခိုင်ဝင်း	ဦးသင်းဆွေ
တရားရုံးချုပ်ရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

နဝကမ္မငွေနှင့် အသုံးအဆောင်ပစ္စည်းလှူ

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးဓမ္မဗိမာန် ကျောင်းတိုက်မှ ပဓာနနာယကဆရာတော်ဘဒ္ဒန္တ ဣန္ဒောဘာသသည်နယ်စပ်နှင့် တောင်တန်းဒေသများ၌ သာသနာပြုနေကြသော သာသနာပြု ရဟန်းတော်များအတွက် ရည်ရွယ်၍ နဝကမ္မအလှူငွေကျပ် ၁၀၀၀၀၀ နှင့် သင်္ကန်းအစုံ ၁၀၀၊ ယပ်၁၀၀၊ ခါးပန်းကြိုး၁၀၀၊ ထီးအလက် ၁၀၀၊ နေကထိုင်၁၀၀၊ ဖိနပ်အရန် ၁၀၀တို့ကို ယနေ့နံနက် ၉နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ညှော်ခန်းမ၌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံသို့ လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားစခန်းဖွင့်မည်

ရန်ကုန် မေ ၃၁

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ် (၅) ရပ်ကွက် ၄–ဝိုင်း ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတွင် မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ သားတပည့်ဖြစ်သောအရှင်ပဏ္ဍာဝံသ(မိဂလုံ)သည် ခန္ဓာကိုယ်တွေ့သမထဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းပွဲကို ဇွန် ၁၂ရက်မှ ၁၈ရက်အထိ အခမဲ့အဓိဋ္ဌာန်ဝင်ခွင့်ဖြင့် ခုနစ်ရက် ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများသည် ဇွန် ၁၁ရက် (စနေနေ့) ညနေအရောက်လာရောက်ကြရန်နှင့် အာဟာရဒါန လှူဒါန်းလိုသူများ ဓမ္မရောင်ခြည် သဲအင်းဂူကမ္မဋ္ဌာန်းကျောင်း တောင်ဥက္ကလာပမြို့နယ်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**









အမည်ပြောင်း

မြိတ်မြို့ အထက(၄)စတုတ္ထတန်း (ခ)မှ အဖ ဦးထွန်းဝင်း၏သမီး မရီရီထွန်းအား မဝင့်မွန်မွန်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မဝင့်မွန်မွန်ခိုင်။

အသစ်ဖွင့်လှစ်မည့် အလှပြင်ဆိုင်တွင်

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

လက်ထောက်မန်နေဂျာ	(မ)	၁ ဦး
ညှော်ကြို		၁ ဦး
စာရင်းကိုင်	(မ)	၁ ဦး
ဆံပင်ညှပ်ကျွမ်းကျင်သူ	(မ)	၂ ဦး
လျှော်/သစ်ကျွမ်းကျင်သူ	(မ)	၅ ဦး
အလုပ်သင်	(မ)	၃ ဦး

လုပ်ငန်းကျွမ်းကျင်သူ ဦးစားပေးမည်။အလုပ်သမားမှတ်ပုံတင်မိတ္တူပါရှိရမည်။

ဆက်သွယ်ရန် – အမှတ် ၅၆(စီ)၊ ဗညားဒလလမ်း၊ သိမ်ဖြူတင်းနစ်ကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ☎ ၂၉၀၇၇၄၊ ၀၉–၅၁၂–၁၇၁၄

မီးသတိပြု

ထူးခြားသည့်နေ့အပူချိန်များ

၃၁–၅–၂၀၀၅

မုံရွာ
မြင်းခြံ } ၄၄ ဒီဂရီစင်တီဂရိတ်(၁၁၁ဒသမ ၂ဒီဂရီဖာရင်ဟိုက်)

ရန်ကုန် ၃၅ ဒီဂရီစင်တီဂရိတ် (၉၅ဒီဂရီဖာရင်ဟိုက်)

မြောက်ဥက္ကလာပမြို့နယ် (ချ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်းရှိ နှစ်ထပ်သီလဝိသောဓနီ သိမ်တော်ကြီး၏ ဘုံသုံးဆင့် အင်မကန်သွပ်မိုး တန်ဖိုးကျပ် ၂၈သိန်းကို (ဦးတွတ်)–ဒေါ်တင်ဦးမိသားစုက မေ၂၇ရက်က သိမ်တော်ကြီး တည်ဆောက်ရေး နာယက ဆရာတော်ကြီးများထံ လှူဒါန်းရာ ကော်မတီဝင်ဦးတင်လှက အလှူငွေကို လက်ခံရယူစဉ်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကျုံးပျော်မြို့နေ (ဦးဖိုးမွန်း)–ဒေါ်အေးကြိုင်မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ဖြစ်မြောက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မေ ၂၄ရက်က နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းနှင့်ဟောပြောပွဲဖွင့်ပွဲကို လမ်းမတော်မြို့နယ် အမှတ်(၆)ရပ်ကွက်တွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးမောင်ဝင်း(ငြိမ်း)နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးအေးရတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

ရန်ကုန် မေ ၃၁

မေ ၃၀ရက် မြန်မာစံတော်ချိန် ၂၀ နာရီ ၁၀ မိနစ် ၅၄ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် ၇၆ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်ကြေညာသည်။

ကညွတ်ကွင်းမြို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကညွတ်ကွင်း မေ ၂၀

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့တွင် သီရိရတနာရွာလယ်ကျောင်းတိုက်ရှိ မိုးကောင်းဘုရားနှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး အခမ်းအနားကို မေ ၁၂ရက် နံနက်၉နာရီက စုပေါင်းဆောင်ရွက်ကြသည်။

ယင်းစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ကိုကို ဦးဆောင်၍ ကညွတ်ကွင်းမြို့ စည်းရုံးရေးမှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်ရပ်ကွက်ပြည်သူများက ပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။ **(ဝဲပုံ)** (၁၇၆)

မြင်းခြံမြို့ လူမှုနာရေးကူညီမှုအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို မေ ၁၅ရက်က မြင်းခြံမြို့ မင်းကျောင်းတိုက် တိပိဋကအဘိဓဇမ္မာရုံ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကိတ္တိအမှူးပြုသော သြဝါဒနာယကဆရာတော်၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးထွန်းဝင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးစန်းအောင်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ မြို့နယ်လူမှုနာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးအောင်ကြည်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြစဉ်။

(၄၀၂)

မြင်းမူမြို့ မြစ်ကမ်းနားမြို့ဝင် ဆိုင်းဘုတ်လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်မှုကို မေ ၆ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်တိုးတိုးလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၆၇)

အမြို့မြို့ အနယ်နယ် သတင်းများ

မန္တလေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦး ဘို ရွှေ နှင့် ခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးဦးမြသိန်း မေ ၁၈ရက်က ချမ်းမြသာစည်သံ လျက်မော် တောင်ရပ်ကွက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ချင်းပြည်နယ်ပြန်/ ဆက်ဦးစီး လုပ်ငန်းညှိနှိုင်းစည်းဝေး

ဟားခါး မေ ၂၀

ချင်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၂ရက် နံနက် ၉နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရုပ်မြင်သံကြားပြခန်း၌ ကျင်းပရာ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ငွေ၊ မင်းတပ်ခရိုင်၊ ဟားခါးခရိုင်တို့မှ ဦးစီးအရာရှိများ၊ မြို့နယ်ရုံးများမှ ဒုတိယဦးစီးမှူးများ တက်ရောက်ကြသည်။

ဆောင်ရွက်ပေး

အခမ်းအနားတွင် ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူးဦးအောင်ငွေက အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူးများက ၂၀၀၅-၂၀၀၆ ခုနှစ် လုပ်ငန်းဆောင်ရွက် လျာထားချက်များကို ဆွေးနွေးတင်ပြကြရာ ခရိုင်ဦးစီးအရာရှိများက ထပ်ဆင့်ရှင်းလင်းဆွေးနွေးကြပြီး ပြည်နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(ခရိုင် ပြန်/ဆက်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ကျောင်းကုန်း-ဆိပ်ကြီးလမ်း ကတ္တရာခင်းရန်ကျန်ရှိသော အပိုင်းအား ကတ္တရာခင်းရေးအတွက် မေ ၁ ရက်က မြေသားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

ကလောမြို့နယ်တွင် ရွှေလမင်းစာကြည့်တိုက်ဖွင့်

ကလော မေ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ဟဲဟိုးအုပ်စု၊ ဝါးရုံပင်ကျေးရွာ ရွှေလမင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၆ရက် နံနက် ၁၀နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာထောက်(၃) ဒေါ်သင်းသင်းမော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ရွှေလမင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးမြတ်စိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာထောက်(၃) ဒေါ်သင်းသင်းမော်တို့က အမှာစကားပြောကြားပြီး သုတ၊ ရသ စာအုပ်မျိုးစုံ ၂၆၇အုပ်ကိုလှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မေ ၁၉ရက်က ဘူးသီးတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိုးရာသီတွင် ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဈေးအနောက်လမ်း ရေနုတ်မြောင်းများအား စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးလှဦးနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးဝေတို့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ် စည်ပင်)

မြန်မာ့အသံ

၂-၆-၂၀၀၅(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဇောဗ္ဗျင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဒသနရှုခင်း(သုံး) ဘဝဒဿနကဗျာများ (အရှင်သံဝရာလင်္ကာရ)
(၂) ရွှင်ပျော်ပျော်မင်းသားလေးနှင့် အခြားပုံပြင်များ (မောင်သိန်းလွင်ပြန်ဆိုသည်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ကျေးလက်နှင့်သိပ္ပံ) (မောင်ဆုရှင်)

၁၂:၃၀ အစာနှင့်အာဟာရ (ကြေးအိုးပြုတ်နှင့် ကြေးအိုးဆီချက်)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (အမေ့ရဲ့အမျှဝေသံ)

နွားထိုးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်ပွဲကျင်းပ

နွားထိုးကြီး မေ ၂၀

နွားထိုးကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်များ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်ဆွေ၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ငွေ၊ ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလင်း၊ ကျေးရွာနှင့်ရပ်ကွက်ဥက္ကဋ္ဌများ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဆွေက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိသော ဝန်ထမ်းခုနစ်ဦးအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။ **(၂၁၃)**

ထားဝယ်မြို့၌ ယာဉ်နှင့်လမ်းစည်းကမ်းပညာပေးဟောပြော

ထားဝယ် မေ ၂၀

ထားဝယ်မြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲကို မေ ၁၀ရက်နံနက် ၉နာရီခွဲက ထားဝယ်မြို့ မြို့တော်ခန်းမတွင်ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးကောလိပ်၊ နည်းပညာကောလိပ်၊ ကွန်ပျူတာကောလိပ်နှင့် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ယာဉ်ပိုင်ရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇင်၊ ခရိုင်တရားသူကြီး၊ ခရိုင်ဥပဒေအရာရှိ၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူးဦးသိန်းဟန်နှင့် ပြည်သူ့ဆေးရုံ တာဝန်ခံဆရာဝန်ကြီးတို့က ယာဉ်စည်းကမ်းနှင့် လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

အင်းတော်မြို့တွင် ဆရာတော် ဦးဣန္ဒာဝံသ ဓာတ်ပေါင်းစု ဓာတုစေတီ တည်ထားရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

အင်းတော် မေ ၂၅

အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု မိုးယူရွာဆည်ကြီးတောင် တောရဆရာတော် ဦးဣန္ဒာဝံသ၏ ဓာတ်ပေါင်းစု ဓာတုစေတီတော်တည်ထားရေးအတွက် ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၁၉ ရက် မွန်းလွဲ ၂နာရီက အင်းတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပသည်။

အစည်းအဝေးတွင် စေတီတော်ဖြစ်မြောက်ရေး မြို့နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက အလှူငွေရှာဖွေရေး၊ ရန်ပုံငွေရှာဖွေရေးနှင့် ဆရာတော်၏ အတ္ထုပ္ပတ္တိဗီဒီယို မှတ်တမ်း ရိုက်ကူးရေးများကိုဆွေးနွေးရာ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးကြသည်။

(၁၃၃)

အမြို့မြို့ အနယ်နယ် သတင်းများ

မေ ၁၀ ရက်က တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် အနော်ရထာလမ်း ကတ္တရာလမ်းပေါက် ဖာထေးခြင်းလုပ်ငန်းကို အမှုဆောင် အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၂၆၆)

ညောင်ရေသွန်းလောင်း

မော်လမြိုင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဦးဆောင်ကြီးကြပ်မှုဖြင့် မော်လမြိုင်ခရိုင်၊ မြို့နယ်၊ ရပ်ကွက် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်ကွက်ပြည်သူများစုပေါင်းပြီး မေ ၂၂ရက်က မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ ကျိုက်သုတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဗောဓိပင်၌ ညောင်ရေသွန်းလောင်းကြစဉ်။ (၁၆၈)

သုံးဆယ်ချောင်းအတွင်း ငါးမျိုးစိုက်ထည့်

သာယာဝတီ မေ ၂၇

ရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့နယ် သုံးဆယ်ချောင်းအတွင်း၌ မေ ၂၂ ရက်က ကျင်းပရာ သာယာဝတီခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းတလထော၊ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်း၊ ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းဝင်းမြင့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ ပဲခူးတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးရဲဒင်၊ အုတ်ဖိုစခန်းတာဝန်ခံ ဒေါ်မိုးသူဇာနှင့် ဝန်ထမ်းများ၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များစုပေါင်း၍ ငါးကောင်ရေ သုံးသိန်း ငါးမျိုးစိုက်ထည့်ကြသည်။**(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

သပိတ်ကျင်းမြို့တွင် သက်ကြီးရွယ်အို စောင့်ရှောက်မှုနှင့် ပညာသင်စရိတ်ထောက်ပံ့

သပိတ်ကျင်း မေ ၂၆

ပြင်ဦးလွင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်သည့် သက်ကြီးရွယ်အို စောင့်ရှောက်မှုနှင့် ပညာသင်စရိတ်ထောက်ပံ့မှုကို မေ ၁၄ရက် ညနေ ၃နာရီက သပိတ်ကျင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းတင့်နှင့် အဖွဲ့ဝင်များက သပိတ်ကျင်းမြို့မှ အသက်(၈၅)နှစ်နှင့် အထက် အဘိုးအဘွား ၁၅ ဦးတို့အား အာဟာရ၊ ဆေး၊ လိမ်းဆေးနှင့်ငွေသားများ လှူဒါန်းကြပြီး အခြေခံပညာ မူလတန်းအဆင့် ၅၀၊ အလယ်တန်းအဆင့် ၂၅ဦး၊ အထက်တန်းအဆင့် ၂၅ဦးတို့အား ကျပ် ၁၁၇၅၀၀ တန်ဖိုးရှိ စာအုပ်များ ပေးအပ်ချီးမြှင့်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မလေငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမ်းမြို့နယ် ကျေးလက်လမ်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

အမ်း မေ ၁၅

ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ငှုတ်တောင်-တပ်တောင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို မေ ၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေတို့က ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးက လမ်းအရည်အသွေးကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် စည်ပင်)

မေ ၂၄ရက်က ဆီဆိုင်မြို့နယ် သစ်တောဦးစီးဌာနမှ အင်းလေးကန်မိုင် ၂၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပျိုးပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးယဉ်ထွေး ဦးဆောင်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ သစ်စေ့မျိုးစုံ ပျိုးပင်များ စုပေါင်းပျိုးထောင်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့တွင် ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲကျင်းပ

ပခုက္ကူ မေ ၂၆

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ ၂၀၀၅ ခုနှစ် အမျိုးသားပညာရည် မြင့်မားရေးနှီးနှောဖလှယ်ပွဲ၊ ခရိုင်အဆင့် ထပ်ဆင့်ရှင်းလင်းပွဲဖွင့်ပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက်က ပခုက္ကူမြို့ အထက(၁) ခမ်းမဆောင် ဗိမ္မာရုံ၌ ကျင်းပရာ မကွေးတိုင်း လက်ထောက်ပညာရေးမှူး (စစ်ဆေးရေး) ဦးစိုးနိုင်က အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးဦး၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်၊ မြို့နယ်ပညာရေးမှူး၊ မြို့နယ် လက်ထောက်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

(၄၁၃)

တာဝန်ပေးအပ်

စီမံကိန်းလျာထားချက်များ ပြည့်မီကျော်လွန်အောင် စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၁၂ ရက်က ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်က တာဝန်ပေးအပ်လွှာများ ပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ခေတ်မီဈေးသစ်တည်ဆောက်ရေး ကောလင်းမြို့တွင် ဆွေးနွေး

ကောလင်း မေ ၁၅

ကောလင်းမြို့နယ် စည်ပင်သာယာဈေး ခေတ်မီဈေးသစ်တည်ဆောက်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်စည်ပင်သာယာဈေး ရုံးခန်းတွင်ကျင်းပရာ ဈေးကြီးကြပ်ရေး အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်လေး (ရွှေပန်းထိမ်)နှင့် အဖွဲ့ဝင်များ၊ ကော်မတီဝင်များ၊ ဈေးဝန်ထမ်းများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကြည်က စည်ပင်သာယာဈေး တိုးတက်ဖွံ့ဖြိုးလာရေး၊ ရန်ပုံငွေ ကောက်ခံရရှိရေး၊ ဆောက်လုပ်ရေးပစ္စည်းများ သိုလှောင်စုဆောင်းရေးနှင့် စနစ်တကျ ထိန်းသိမ်းရေးတို့ကို ဆွေးနွေးကြသည်။

(၀၂၆)

မျက်မမြင်သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း (ကြည့်မြင်တိုင်)နှင့် မျက်မမြင်ကျောင်း(စစ်ကိုင်း)တို့တွင် ၂၀၀၅–၂၀၀၆ပညာသင်နှစ်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားလိုသော မျက်မမြင် အမျိုးသား၊ အမျိုးသမီး (လူမျိုးဘာသာမရွေး) အောက်ပါ စည်းကမ်းသတ်မှတ်ချက်နှင့် ညီညွတ်သူများ လျှောက်ထားနိုင်ပါသည်။

လက်ခံသည့်မျက်မမြင်အမျိုးအစား

၁။ လုံးဝမမြင်သူများ

၂။ အနည်းငယ်မြင်သူများ(အမြင်အား ၁/၁၀ ထက်မပိုရ)

၃။ ကုသ၍မရနိုင်သည့် မျက်မမြင်များ

စည်းကမ်းချက်

၁။ စာပေနှင့်လက်မှုပညာများကို သင်ယူလိုစိတ်ရှိပြီး ကိုယ်စိတ်ကျန်းမာသူဖြစ်ရမည်။

၂။ အသက် ၆ နှစ်မှ ၁၈ နှစ်အတွင်း ဖြစ်ရမည်။

၃။ မိဘ(သို့မဟုတ်) အုပ်ထိန်းသူရှိရမည်။–

အထက်ပါအချက်အလက်နှင့် ပြည့်စုံသူများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ မျက်မမြင်ကျောင်း အမှတ် (၁၃၂) ပန်းပင်ကြီးလမ်း၊ ကြည့်မြင်တိုင် ရန်ကုန်မြို့သို့လည်းကောင်း၊ မျက်မမြင်ကျောင်း မြို့သစ်ရပ်ကွက်၊ မရှိခဏဘုရားအနီး စစ်ကိုင်းမြို့သို့လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ပြည်နယ်၊ တိုင်း အသီးသီးရှိ လူမှုဝန်ထမ်းရုံးများမှ တစ်ဆင့်ဖြစ်စေ သတ်မှတ်ထားသော လျှောက်လွှာ ပုံစံများတောင်းယူ၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရပါက သင်တန်းသား၏ စားဝတ်နေရေးအားလုံးကို နိုင်ငံတော်က တာဝန်ယူပါမည်။ ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။ လျှောက်လွှာများကို ၂၀၀၅ခုနှစ် ဇွန်လ ၁ရက်နေ့မှစ၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း–၀၁–၆၆၃၃၉၂၊ကြည့်မြင်တိုင် မျက်မမြင်ကျောင်း ဖုန်း–၅၃၅၅၄၈၊ ၅၃၈၃၀၉ နှင့် စစ်ကိုင်းမျက်မမြင်ကျောင်း ဖုန်း–၀၇၂–၂၂၂၃၇များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **လူမှုဝန်ထမ်းဦးစီးဌာန။**

ရွှေ

အာမခံ ရတနာရွှေဆိုင်

ရွှေချစ်သူများအတွက်သတင်းကောင်း

ရွှေချစ်သူများအတွက် ဆန်းသစ်လှပသော 15 ပဲရည် 16 ပဲရည် ရွှေသားဖြင့် ကျောက်မျက်ရတနာထည် အမျိုးပေါင်းမြောက်မြားစွာကို ရောင်းချပေးနေပါသည်။

သို့ဖြစ်၍ ရွှေရတနာရွှေဆိုင်မှ မိတ်ဆွေမိသားစုများ အားလုံးအတွက် 1-6-2005 နေ့မှစ၍

အထူးလျှော့စျေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေရတနာရွှေဆိုင်မှ ... ကိုလည်း ... ရတနာနှင့်အတူ ရွှေဥဒေါင်း ကြွခဲ့ပါခေနော်

၆၁၈၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ချုပ်လမ်းကြား ... ရန်ကုန်

ရောင်းရန်ရှိသည်

တွံတေးမြို့အနီး ရေဝက်ချောင်းကျေးရွာတွင် ငါးမွေးကန်အား ညှိနှိုင်းဈေးဖြင့် ရောင်းမည်။ မြို့နှင့်အချိန်မရွေး သွားလာနိုင်သည်။ **စုံစမ်းရန်–** ဦးရဲဝင်း၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရေဝက်ချောင်း။ ဖုန်း–၀၄၅–၅၀၂၀၇။

Ruby ... (24 hours)

အမည်ပြောင်း

မိတ္ထီလာမြို့ အ–ထ–က(၁)နဝမတန်း (H)မှဦးစန်းလွင်၏ သား မောင်သိန်းထွန်းအောင်အား ယနေ့မှ စ၍မောင်ထက်ဦးလွင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ထက်ဦးလွင် မှတ်ပုံတင်အမှတ် ၉/မထလ(နိုင်)၂၅၂၀၆၃။**

အမည်ပြောင်း

ငွေဆောင်မြို့ အ–ထ–က(၁) နဝမတန်းမှ ဦးမောင်ဖြူ၏ သမီး မစုဇင်ဇင်ငြိမ်းအား မမေသဥ္ဇာထက်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေသဥ္ဇာထက်ဇော်။**

ဖခင်အမည်မှန်

အထက–ကျွန်းစုမြို့၊ သတ္တမတန်းမှ မောင်စည်သူရအောင်၏ ဖခင်အမည်မှန်မှာဦးအင်ဟို၊ ၆/ကစန(နိုင်)၀၀၀၃၆၆ ဖြစ်ပါသည်။ **ဦးအင်ဟို။**

တစ်ချိန်က မြန်မာပြည်တွင် နာမည်အကြီးဆုံးဆိုင်ဖြစ်ခဲ့သော

YAN KIN RESTAURANT

တွင်

မြန်မာပြည်တွင် တစ်ခါမှမရှိဖူးသေးသောကွမ်းကျိုး DIM SUM အရသာစစ်စစ်နှင့်**ကုန်းဖူးချော** (တရုတ်ရိုးရာအဆင့်မြင့်ရေနွေးကြမ်း) တို့ကို နေ့စဉ် နံနက်(6:00 AM-2:00PM) ထိရေနွေးကြမ်းဆိုင်သာမက အဆင့်မြင့်သုံးဆောင်နိုင်ပါပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

လိပ်စာ– ၁(က)၊ သစ္စာလမ်း(ကန်ဘဲ့)၊ ၆ရပ်ကွက်၊ ရန်ကင်း။ (ယခင် ရန်ကင်းစားသောက်ဆိုင်)

ဖုန်း – ၅၇၈၉၂၅၊ ၅၇၈၉၅၆။

အမှတ် (၁) စက်မှုဝန်ကြီးဌာန

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း

စက်ဘီးစက်ရုံ (ရန်ကုန်)နှင့်(ကျောက်ဆည်)

မှ

ထုတ်လုပ်သော မောင်မြန်မာစက်ဘီးများ

ကိုယ်စားလှယ်ရယူရောင်းချလိုပါက

အောက်ပါလိပ်စာများအတိုင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဆက်သွယ်ရန်

- အမှတ် ၁၉၂ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ် ရန်ကုန်မြို့၊ ဖုန်း – ၀၁–၅၆၆၀၅၉၊ ၅၆၀၆၈၃၊ ၅၆၀၆၈၂
- စက်ဘီးစက်ရုံ (ရန်ကုန်) ဖုန်း – ၀၁–၂၉၀၀၀၉၊ ၂၉၀၀၂၀
- စက်ဘီးစက်ရုံ (ကျောက်ဆည်) ဖုန်း – ၀၆၆–၅၀၅၃၅၊

အမည်ပြောင်း

ဦးကျော်လှဖြူ၏သမီး အထက(၂) စစ်တွေ တက္ကသိုလ်ဝင်တန်းမှ မမိမိအား မငြိမ်းမြတ်သူဟုလည်းကောင်း၊ မဌေးဌေးအား မအေးငြိမ်းဝေဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။ **မငြိမ်းမြတ်သူ မအေးငြိမ်းဝေ။**

အများသိသာရန်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၂၅၈) ဒုတိယထပ်၊ ၂၅ပေx၅၀ပေ အခန်းနှင့် ၎င်းအခန်းတွင်းရှိ အကျိုးခံစားခွင့်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်နန်းအေးနွမ်း၁၃/မကန(နိုင်) ၀၁၈၂၈၂ ထံမှ ဝယ်ယူရန်အတွက် ၂၀–၅–၂၀၀၅ ရက်တွင် စရန်ငွေပေးချေခဲ့ပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများ(၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဒေါ်အေးအေးမြင့်(LL.B,D.B.L)
တရားရုံးချုပ်ရှေ့နေ(၇၃၅၈)
အမှတ်(၅၀)၊ ပထမထပ်၊
အမှတ်(A1)၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ဘေး မြေထိန်းနံရံ လုပ်ငန်းဆောင်ရွက်ခြင်းကို ဧပြီ ၂၄ရက်က အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာဦးကျော်ဆိုင်တို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

ကန့်ဘလူမြို့နယ်တွင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်

ကန့်ဘလူ မေ ၂၅

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီ၏ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ကြိုဆိုထောက်ခံပွဲကို မေ ၁၄ ရက် နံနက် ၇ နာရီက ကန့်ဘလူမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးအောင်သော်(ငြိမ်း)နှင့် အမှုဆောင်များ စစ်မှုထမ်းဟောင်းများ တက်ရောက်ကြပြီး ပြည်သူ့အကျိုးပြုသန့်ရှင်းရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**

ကန့်ဘလူမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့စည်းရုံးရေးကော်မတီသည် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့(ဗဟို)၏ ရည်ရွယ်ချက်များကို တိုင်း၊ ခရိုင် စည်းရုံးရေးကော်မတီတို့၏ ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၀၅၆)**

ပျူခေတ်ဦးရှေးဟောင်း ရွှေငွေဗုဒ္ဓရုပ်ပွားဆင်းတုတော်များ မိုင်းမောမြို့ဟောင်း၌တွေ့ရှိ

အရေအတွက်အများဆုံးနှင့် အနုပညာလက်ရာမြောက် ရုပ်ပွားတော်များဖြစ်

ရန်ကုန် မေ ၃၁

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောကျေးရွာနေ ဦးတင်မြင့်(၃၁)နှစ်သည် မေ ၂၇ ရက် ညနေပိုင်းက မြစ်သားမြို့နယ် မိုင်းမောမြို့ဟောင်းရှိ ရှေးဟောင်းကုန်းမှ ပျူခေတ်ဦး ရှေးဟောင်း ဗုဒ္ဓရွှေဆင်းတုတော်များ၊ ငွေစေတီတော်များနှင့် ငွေဆင်းတုတော်များကို တွေ့ရှိသည်။

ဦးတင်မြင့် တူးဖော်တွေ့ရှိသော ရှေးဟောင်းပစ္စည်းများမှာ ရွှေဆင်းတုများတွင် ရောင်ခြည်ဝန်းပါသော ဗုဒ္ဓရုပ်ပွားဆင်းတုတော် သုံးဆူ၊ တင်ပလ္လင်ခွေ ဗုဒ္ဓရုပ်ပွားဆင်းတုတော် လေးဆူ၊ ရွှေချထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော် လေးဆူ၊ ရွှေနှင့်အခြား သတ္တုစပ်ဆင်းတုတွင် ဦးခေါင်းတော် ရွှေနှင့် ကိုယ်ခန္ဓာအခြားသတ္တုစပ်ထားသော ဗုဒ္ဓရုပ်ပွားဆင်းတုတော် တစ်ဆူ၊ ငွေဆင်းတုများတွင် ရွှေချထားသော ငွေဆင်းတု နှစ်ဆူ၊ ပျူခေတ်ဦး ငွေစေတီများတွင် ပျူခေတ်ဦးငွေစေတီများ လေးဆူ၊ အခြား သတ္တုဆင်းတုတွင် အခြား သတ္တုဖြင့် သွန်းလောင်းထားသော တင်ပလ္လင်ခွေ ရုပ်ပွားဆင်းတုတော် တစ်ဆူ၊ ငွေထည်ပစ္စည်းများတွင် အခြား ငွေထည်ပစ္စည်းများငါးခုတို့ဖြစ်သည်။

စစ်ဆေးတွေ့ရှိ

အဆိုပါ ရှေးဟောင်းရွှေငွေရုပ်ပွားတော်များအပါအဝင် ပစ္စည်းများကို အဆိုပါနေ့တွင်ပင် သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှတစ်ဆင့် အထက်မြန်မာပြည် ရှေးဟောင်းသုတေသနဦးစီးဌာနရုံးသို့ လာရောက်အပ်နှံရာ ပညာရှင်များက လေ့လာစိစစ်ကြည့်သောအခါ *စာမျက်နှာ ၉ ကော်လံ ၁* ✻

ပျူခေတ်ဦး ရှေးဟောင်း ရွှေဗုဒ္ဓရုပ်ပွားတော်များ

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောမြို့ဟောင်းမှ တွေ့ရှိသည့် ပျူခေတ်ဦး ရှေးဟောင်း ရွှေဗုဒ္ဓရုပ်ပွားတော်များကို တွေ့ရစဉ်။ **(ယဉ်ကျေးမှု)**

ငွေစေတီများနှင့် ငွေဗုဒ္ဓရုပ်ပွားတော်များ

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမောမြို့ဟောင်းမှ တွေ့ရှိသည့် ပျူခေတ်ဦး ရှေးဟောင်းငွေစေတီများနှင့် ငွေဗုဒ္ဓရုပ်ပွားတော်များကို တွေ့ရစဉ်။ **(ယဉ်ကျေးမှု)**

ပစ္စည်းအမယ်သစ်များ တီထွင်ကြံဆထုတ်လုပ် ပြည်ပဈေးကွက်ခိုင်ခိုင်မာမာရရှိရေး စီစဉ်ဆောင်ရွက်

ရန်ကုန် မေ ၃၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် ဝါးတရာ သစ်အခြေခံစက်မှုဇုန်ရှိ မြန်မာ့သစ်လုပ်ငန်းနှင့် ဖြိုးစည်သူ ထရေးဒင်းကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော အမှတ်(၆)ပရိဘောဂ စက်ရုံဖွင့်ပွဲနှင့် မှော်ဘီမြို့နယ် သန္တေပင်ကျေးရွာရှိ စိန်ရတနာဝတ်မှုံ ကုမ္ပဏီလီမိတက်၏ သစ်အခြေခံစက်ရုံဖွင့်ပွဲတို့သို့ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဝါးတရာ သစ်အခြေခံစက်မှုဇုန်ရှိ အမှတ်(၆) ပရိဘောဂစက်ရုံ ဖွင့်ပွဲသို့ ရောက်ရှိရာ ဖွင့်ပွဲမှုခ်ဦး၌ စီမံကိန်းနှင့်စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးဝင်းထွန်း၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာဦးကိုကိုအေးတို့က စက်ရုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က စက်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း ကျွန်းပင်ကြပ်တိုင်များ၊ မျောတိုင်များ၊ သစ်စက်များမှ ထွက်ရှိလာမည့် ပကာခွဲသားများမှ Finger Joint များ ထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း၊ ပေါင်းဖိုကိုလည်းကောင်း၊ လက်ယှက်ထိုးကြမ်းခင်းပြားများပြုလုပ်မှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက *စာမျက်နှာ ၈ ကော်လံ ၄* ●

၂၃၀ ကရက်ရှိ စိန်တုံး



ကမ္ဘာ့အကြီးဆုံး စိန်ပြပွဲမှာ အလေးပေးဖော်ပြခံရသည့် စိန်တုံးကြီးကို တွေ့ရစဉ်။ **(ယာပုံ)**

အဆိုပါစိန်တုံးသည် တောင်အာဖရိကနိုင်ငံမှ ထွက်ရှိခြင်းဖြစ်ပြီး ၂၃၀ ကရက်ရှိကာ ဒီဘီးရားစ်မီလန်နီယမ်စတားဟု အမည်ပေးထားသည်။ ယခုအခါ ယင်းစိန်တုံးကို သဘာဝသမိုင်းပြတိုက်၌ ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

တောင်ပေါ်သို့ ကြိုးတန်းလမ်းလျှောက်တက်

တောင်ထိပ်ပေါ်သို့ ကြိုးဖြင့်သွယ်တန်းပြီး ကြိုးတန်းပေါ်မှ လမ်းလျှောက်တက်နေသူတစ်ဦးကို တွေ့ရစဉ်။ **(ယာပုံ)**

ဆွစ်ဇာလန်နိုင်ငံသား ဖရက်ဒီနော့ခ် ဆိုသူသည် ပင်လယ်ရေမျက်နှာပြင် အထက် ၂၅၀၂ မီတာမြင့်သည့် ဆွစ်ဇာလန်နိုင်ငံအရှေ့ပိုင်းရှိ စိန်းတစ် တောင်ပေါ်သို့ မြေပြင်မှ ၁ ဒသမ ၉ လက်မအရွယ်အစားရှိသော ကြိုးဖြင့် သွယ်တန်းကာ ကြိုးပေါ်မှ လမ်းလျှောက်တက်ပြီး ဂင်းနစ် မှတ်တမ်းဝင်အောင် မေ ၂၈ ရက်က ကြိုးစားခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား